INNOVATIONS FOR SUCCESSFUL SOCIETIES

# PROMOTING ACCOUNTABILITY, MONITORING SERVICES: TEXTBOOK PROCUREMENT AND DELIVERY, PHILIPPINES, 2002 – 2005

# တာဝန်ခံမှုကို အားပေးမြှင့်တင်ခြင်း၊ ဝန်ဆောင်မှုများကို စောင့်ကြည့်စစ်ဆေးခြင်း - ဖိလစ်ပိုင်နိုင်ငံမှ ကျောင်းသုံးဖတ်စာအုပ် ဝယ်ယူမှု နှင့် ပို့ဆောင်ဖြန့်ဝေမှု ဆောင်ရွက်ချက်၊ ၂၀၀၂ - ၂၀၀၅

## အကျဉ်းချုပ်

၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ၊ ဖိလစ်ပိုင်နိုင်ငံ ပညာရေး ဦးစီးဌာန (Department of Education) မှ အကြီးတန်း အရာရှိ တစ်ဦး ဖြစ်သူ Juan Miguel Luz သည် နိုင်ငံ၏ အစိုးရကျောင်းပေါင်း ၄၀၀၀၀ အတွက် ကျောင်းသုံးဖတ်စာအုပ် ဝယ်ယူမှုနှင့် ပို့ဆောင်ဖြန့်ဝေမှုကို အချိန်မီ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုံ့ဆော် လှုပ်ရှားမှု တစ်ခုကို ဦးဆောင်ခဲ့သည်။ Luz တာဝန်မယူမီအချိန်ကမှ အကျင့်ပျက်ခြစားနေသည့် ဦးစီးဌာနမှ အရာရှိများသည် ကျောင်းသုံးဖတ်စာအုပ် ကန်ထရိုက်စာချုပ်များကို ၎င်းတို့ မျက်နှာသာပေးလိုသည့်၊ အရည်အသွေး မပြည့်မီသော ပုံနှိပ်ထုတ်ဝေသူများကိုသာ ရွေးချယ်ချီးမြှင့်နေခဲ့ခြင်း ဖြစ်သည်။ အရည်အသွေး ထိန်းချုပ်မှုများ အားနည်းခဲ့ခြင်းကြောင့် ဖတ်စာအုပ်များတွင် ချုပ်လုပ်မှု အရည်အသွေး မကောင်းခြင်း၊ ပုံနှိပ် ချို့ယွင်းချက်များနှင့် စာရွက်များ အပြည့်အစုံ မပါဝင်ခြင်းတို့ ဖြစ်ပေါ်နေခဲ့သည်။ အချိန်ဇယား အတိအကျ သတ်မှတ်ထားခြင်း မရှိသည့်အတွက်လည်း ပုံနှိပ်ထုတ်ဝေသူများသည် တစ်ခါတစ်ရံတွင် ဖတ်စာအုပ်များကို စာသင်နှစ်စတင်ပြီး လများစွာ ကြာပြီးနောက်မှသာ ပို့ဆောင်ပေးနိုင်ခဲ့သည်။ တစ်ခါတစ်ရံတွင် ပို့ဆောင်ပေးနိုင်ခြင်းပင် မရှိခဲ့ပါ။ ဝယ်ယူခြင်းမှသည် အရောက်ပို့ဆောင်ခြင်းအထိ လုပ်ငန်းကာလ တစ်ခုလုံး၏ ကြာမြင့်ချိန်မှာ အများဆုံး နှစ်နှစ် အထိကြာမြင့်ခဲ့သည်။ သတ်မှတ် ကာလထက် နှစ်ဆ ပိုမိုကြာမြင့် နေခြင်းဖြစ်သည်။ တာဝန်စတင်ရယူခဲ့ပြီးနောက် မကြာမီတွင် Luz သည် ဝယ်ယူမှုနှင့် ပို့ဆောင်မှုလုပ်ငန်းစဉ်အား ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် ကျောင်းသုံးဖတ်စာအုပ် ရေတွက်စိစစ်ရေး စီမံချက် (Textbook Count project) ကို စတင်ခဲ့သည်။ သူသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ ဦးစီးဌာန၏ လေလံ/တင်ဒါ လုပ်ငန်းစဉ်ကို စောင့်ကြပ်ကြည့်ရှုခြင်း၊ ဖတ်စာအုပ်များ၏ အရည်အသွေးကို စစ်ဆေးခြင်း နှင့် ပို့ဆောင်ဖြန့်ဝေမှုများကို လိုက်လံမှတ်သား စစ်ဆေးခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။ Government Watch၊ the National Citizens Movement for Free Elections စသည့် အဖွဲ့အစည်းများနှင့် အမျိုးသား/အမျိုးသမီးလူငယ်ကင်းထောက် အဖွဲ့များ

ISS သည် Woodrow Wilson School ၏ ပြည်သူ့ရေးရာ နှင့် နိုင်ငံတကာရေးရာဌာန နှင့် the Bobst Center for Peace and Justiceတို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည် www.princeton.edu/successfulsocieties. ဝေဖန်အကြံပြုပေးရန် နှင့် ဤ စာတမ်းပါ နမူနာဖြစ်ရပ်များ ကိုမည်သို့အသုံးပြုနေသည် စသည့်အချက်အလက်များဝေမျှရန် စာဖတ်သူများကို ISS က - iss@princeton.edu သို့ ဖိတ်ခေါ်ပါသည်။

အပါအဝင်ဖြင့် ကျောင်းသုံးဖတ်စာအုပ်များကို ကျောင်းများအရောက် ပို့ဆောင်ဖြန့်ဝေခြင်းများကို စောင့်ကြည့်မှတ်သား စစ်ဆေးနိုင်ရန်အတွက် စေတနာ့ဝန်ထမ်းပေါင်း ထောင်နှင့်ချီ၍ ပါဝင်ကူညီရန် လှုံ့ဆော်စည်းရုံးနိုင်ခဲ့သည်။ Coca-Cola ကုမ္ပဏီ ကလည်း ကုမ္ပဏီ၏ ပို့ဆောင်ရေးကားများကို အသုံးပြု၍ နိုင်ငံ၏ ဝေးလံခေါင်သီဒေသများမှ ကျောင်းများသို့ ဖတ်စာအုပ်များကို ပို့ဆောင်ပေးခဲ့သည်။ ၂၀၀၅ ခုနှစ် ရောက်ချိန်တွင် ကျောင်းသုံးဖတ်စာအုပ်များ၏ ဈေးနှုန်း ၅၀% ကျဆင်းခဲ့ပြီး၊ ပုံနှိပ်ချုပ်လုပ်မှု အရည်အသွေးလည်း တိုးတက်ကောင်းမွန်လာခဲ့သည့် အပြင် စေတနာ့ဝန်ထမ်း စောင့်ကြည့်သူများက ပို့ဆောင်မှု ၉၅% တွင် အမှားအယွင်းမရှိခဲ့ကြောင်း အစီရင်ခံနိုင်ခဲ့ပါသည်။ ဤဖြစ်ရပ်ဥပမာက အစိုးရဝန်ဆောင်မှုများကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပေးသွင်းသူများ (suppliers) တို့ကို တာဝန်ခံမှု ရှိစေရန် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်ချက်များကို လေ့လာတင်ပြထားပါသည်။

*ဤဖြစ်ရပ်လေ့လာချက်အား မတ်လ ၂၀၁၁ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ တွေ့ဆုံမေးမြန်းချက်များကို အခြေပြု၍ Rushda Majeed က ရေးသားပြုစုခဲ့သည်။ နိဂုံးပိုင်းအား ဖေဖော်ဝါရီနှင့် မတ်လ ၂၀၁၃ ခုနှစ်တွင် မနီလာ၌ တွေ့ဆုံမေးမြန်းချက်များကို အခြေပြု၍ ထပ်မံဖြည့်စွက် ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ထုတ်ဝေပါသည်။ ကမ္ဘာ့ဘဏ်၏ အကူအညီ ဖြင့် Myanmar Multi-Donor Trust Fund မှ ကျခံကာ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်သည်။*

## နိဒါန်း

ဖိလစ်ပိုင်နိုင်ငံ ပညာရေးဦးစီးဌာန၌ ဘဏ္ဍာရေး နှင့် စီမံရေးရာ လက်ထောက်အတွင်းဝန် အဖြစ် သုံးနှစ်ကြာ ထမ်းဆောင်ခဲ့စဉ် အချိန်များ အတွင်းမှ ၂၀၀၄ ခုနှစ်တွင် Masbate ကျွန်း ဒေသတွင် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်တစ်ခုအကြောင်းကို Juan Miguel Luz က ပြန်လည်ပြောပြပါသည်။ ဝေးလံနေရာတစ်ခုမှ မူလတန်းကျောင်းတစ်ကျောင်း သို့ သွားရောက်ခဲ့ရာတွင် သူက အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီးအား "ဖတ်စာအုပ်တွေ နောက်ဆုံးရတာ ဘယ်တုန်း ကလဲ ဆရာမ" ဟု မေးခဲ့သည်။ "လွန်ခဲ့တဲ့ နှစ်နှစ် လောက်ကပါ" ဟု ဆရာမက ပြန်ဖြေခဲ့သည်။ ကျောင်းမှ ခရိုင်ပညာရေးရုံး သို့ ရောက်ရန် လေးနာရီ ထက်မက လမ်းလျှောက်သွားရသည်ဟု ကျောင်းအုပ်ဆရာမကြီးက ရှင်းပြခဲ့သည်။ "ဖတ်စာအုပ်တွေက မြို့ပေါ်ရောက်နေပါပြီ။ ဒါပေမယ့် ခြေကျင်သွားပြီး မသယ်နိုင်လို့ပါ။ ဒီမှာက မော်တော်ယာဉ်လည်း တစ်စီးမှ မရှိကြဘူးလေ။ မြို့ကနေ စာအုပ်တွေ သယ်ယူနိုင်ဖို့ အသုံးပြုစရာ ဘာတစ်ခုမှ မရှိဘူး" ဟု ဆရာမ က ပြောပြခဲ့ကြောင်း Luz က ဆိုသည်။ ခရိုင်ပညာရေးရုံးမှ ဝေးလံနယ်များသို့ ဖတ်စာအုပ်များ သယ်ယူပို့ဆောင်ပေးနိုင်ရေးမှာ Luz အတွက် ဦးစီးဌာန၌ တာဝန်ထမ်းဆောင်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှု အခက်အခဲပေါင်း များစွာအနက်မှ တစ်ခုသာ ဖြစ်ပါသည်။

ထိုစဉ်က ဖိလစ်ပိုင်နိုင်ငံတွင် မူလတန်းနှင့် အထက်တန်း ကျောင်းပေါင်း ၄၀၀၀၀ တွင် ဆရာပေါင်း ၅၀၀၀၀၀ နီးပါးမှ ကျောင်းသား ၁၈ သန်းကျော်ကို အခမဲ့ ပညာရေး သင်ကြားပေးနေခဲ့ချိန်ဖြစ်သည်။ DepEd ဟု သိကြသော၊ အစိုးရ၏ အကြီးဆုံး အေဂျင်စီလည်း ဖြစ်သည့် ပညာရေး ဦးစီးဌာန (Department of Education) သည် ကျောင်းသုံးဖတ်စာအုပ်များ ရွေးချယ်ခြင်း၊ ဝယ်ယူခြင်းနှင့် ကျောင်းများအားလုံးသို့ အချိန်မီ အရောက်ပို့ဆောင် ဖြန့်ဝေခြင်းများအတွက် အဓိက တာဝန်ရှိသည့် အစိုးရအဖွဲ့အစည်းဖြစ်ပါသည်။ သို့သော်လည်း ဖတ်စာအုပ် အရည်အသွေး အကဲဖြတ်မှု၊ ဝယ်ယူမှု နှင့် ပို့ဆောင်မှု လုပ်ငန်းစနစ်မှာ ချို့ယွင်းအားနည်းချက်များ နက်ရှိုင်းစွာ ဖြစ်ပေါ်လျက်ရှိခဲ့သည်။ တင်ဒါခေါ်ယူရာတွင် လက်သိပ်ထိုး ဆောင်ရွက်ခြင်း၊ ဖတ်စာအုပ်များတွင် ပုံနှိပ် အမှားအယွင်းများ

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ပါဝင်နေခြင်း၊ ထုတ်ဝေသူများမှ အချိန်မီ ပို့ဆောင်ပေးနိုင်မှုမရှိခြင်း သို့မဟုတ် မှာထားသည့် အရေအတွက်ထက် များစွာ လျော့နည်း၍ ပေးပို့ခြင်း စသည်တို့ ဖြစ်ပါသည်။

ထိုအချိန်ကာလများအတွင်း နိုင်ငံ၏ နိုင်ငံရေးအဖြစ်အပျက်များက DepEd အတွင်းတွင်လည်း အပြောင်းအလဲများ ဖြစ်ပေါ်လာစေခဲ့ပါသည်။ အကျင့်ပျက်ခြစားမှုဖြင့် စွဲချက်တင်ခံထားရသည့် သမ္မတ Joseph Estrada သည် ဆန္ဒပြမှုများ ကြောင့် ၂၀၀၁ ခုနှစ်တွင် ရာထူးမှ နုတ်ထွက်ခဲ့ရသည်။ သူ့ကို ဆက်ခံသည့် သမ္မတ Gloria Macapagal Arroyo က ပြည်သူလူထုကို ချေးသိပ်နိုင်ရန်နှင့် ပိုမိုတာဝန်ခံမှုရှိသော အစိုးရဖြစ်စေရန် အတွက် အစီအစဉ်များကို စတင်ဆောင်ရွက်ခဲ့ပါသည်။ သမ္မတတာဝန်စတင်ရယူပြီး မကြာမီတွင် အာရိုယိုသည် ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်သည့် Raul Roco ကို ပညာရေးဆိုင်ရာ အတွင်းဝန်အဖြစ် ခန့်အပ်ခဲ့သည်။ သို့သော်လည်း Roco ၏ အဖွဲ့သည် ကျောင်းသုံးဖတ်စာအုပ်များ အရည်အသွေး အကဲဖြတ်ခြင်း၊ ဝယ်ယူခြင်းနှင့် ပို့ဆောင်ခြင်းများကို ပြန်လည် ပြုပြင်ဖွဲ့စည်းနိုင်မည့် အစီအစဉ်များကို ဖော်ဆောင်နိုင်ခြင်းမရှိခဲ့ပါ။ အုပ်စုတွင်း နိုင်ငံရေး တိုက်ခိုက်မှုများကြောင့် ၁၈ လ အကြာတွင် Roco ရာထူးမှ နုတ်ထွက်ခဲ့ပြီး၊ ဂုဏ်သတင်းကျော်ကြားသည့် Far Eastern တက္ကသိုလ်၏ ဥက္ကဋ္ဌဖြစ်သူ Edilberto de Jesús က အတွင်းဝန်နေရာ ကို ရယူခဲ့ပါသည်။

၂၀၀၂ ခုနှစ် အောက်တိုဘာလတွင်၊ အသစ်ခန့်အပ်ခံထားရသော အတွင်းဝန် de Jesús သည် လက်ထောက်အတွင်းဝန်နေရာအတွက် Luz ကို ရွေးချယ်ခဲ့ပါသည်။ Luz သည် DepEd သို့ ရောက်မလာမီတွင် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ခုစလုံးတွင် အတွေ့အကြုံ ကျယ်ကျယ်ပြန့်ပြန့် ရှိထားသူဖြစ်သည်။ သူသည် သမ္မတအကွီနို (၁၉၈၆ - ၉၂) လက်ထက်တွင် နိုင်ငံတော် သမ္မတရုံး ဝန်ထမ်း ညွှန်ကြားရေးမှူး အဖြစ် ၁၉၈၇ ခုနှစ်တွင် တာဝန်ထမ်းဆောင်နေခဲ့ရာမှ ဟားဗတ် တက္ကသိုလ်ရှိ John F. Kennedy School of Government သို့ ပညာတော်သင်သွားရောက်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ပြည်သူ့ရေးရာ အုပ်ချုပ်မှု ဘာသာရပ်ဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၉၃ မှ ၁၉၉၅ အထိ Luz သည် အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ခုဖြစ်သည့် Philippines Business for Social Progress အဖွဲ့တွင် တွဲဖက်ဒါရိုက်တာ အဖြစ် လုပ်ကိုင်ခဲ့သည်။ ထို့နောက်တွင် Far East Bank and Trust Company ၏ ဒုတိယဥက္ကဋ္ဌ ဖြစ်လာခဲ့ပါသည်။ ထို့နောက် မနီလာရှိ စီးပွားရေးနှင့် စီမံခန့်ခွဲမှု ဘွဲ့လွန်ကျောင်းတစ်ခု ဖြစ်သည့် Asian Institute of Management တွင် စာသင်ကြား ပို့ချနေခဲ့စဉ်တွင် de Jesús က သူ့အား DepEd ၏ ဘဏ္ဍာ ရေးနှင့် စီမံရေးရာ လက်ထောက် အတွန်းဝန် အဖြစ် လုပ်ကိုင်ပေးရန် ကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။

လက်ထောက်အတွင်းဝန်အဖြစ် တာဝန်ရယူခဲ့ပြီးနောက် Luz သည် ဖတ်စာအုပ်များ အရည်အသွေး စစ်ဆေးခြင်း၊ ဝယ်ယူခြင်းနှင့် ပို့ဆောင်ခြင်းများကို ပြုပြင် ပြောင်းလဲခဲ့သည်။ Texbook Count ဟု ခေါ်ဆိုခဲ့သည့် စီမံချက်မှ တစ်ဆင့် Luz သည် တင်ဒါ လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာမှု ရှိလာစေရန်၊ ဖတ်စာအုပ်များ၏ အရည်အသွေး တိုးတက်ကောင်းမွန်လာစေရန် နှင့် ပို့ဆောင်ဖြန့်ဝေမှုကို ၁၀၀% အပြည့် ရရှိရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အကြား၊ သူ၏ ဦးဆောင်မှုအောက်တွင် ပညာရေး ဦးစီးဌာန (DepEd) နှင့် မိတ်ဖက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံ ရပ်ရွာပြည်သူလူထု များသည် Textbook Count စီမံချက် ၏ တစ်နှစ်တာ လုပ်ငန်းစက်ဝန်း ကို သုံးနှစ်၊ သုံးကြိမ် တိုင်အောင် (three annual cycles) အောင်မြင်စွာ ဆောင်ရွက် အကောင်အထည်ဖော်နိုင် ခဲ့ပါသည်။

ဤဖြစ်ရပ်လေ့လာချက်သည် အစိုးရဝန်ဆောင်မှုများကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစိုးရအား တာဝန်ခံမှု ပိုမိုရှိလာစေရန် အားပေးမြှင့်တင်ခြင်း အတွက် ဥပမာတစ်ခု ဖြစ်ပါသည်။ ဤဖြစ်ရပ်ဥပမာတွင် အစိုးရအတွင်းမှ ပြုပြင်ပြောင်းလဲရေးသမားများအနေဖြင့် ပြင်ပအုပ်စုများဖြင့် ပူးပေါင်း၍

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ပေးသွင်းသူ (suppliers) များအား တာဝန်ခံဆောင်ရွက်မှု ရှိလာစေရန် နှင့် နိုင်ငံသားများအတွက် အခြေခံဝန်ဆောင်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် မည်သို့ ဆောင်ရွက်နိုင်ကြောင်း တွေ့မြင်နိုင်မည် ဖြစ်သည်။

## စိန်ခေါ်မှု (THE CHALLENGE)

DepEd သို့ ၂၀၀၂ နှစ်ကုန်ပိုင်းတွင် စတင်ရောက်ရှိလာခဲ့ချိန်တွင် Luz အနေဖြင့် ကျောင်းသုံးဖတ်စာအုပ် ဝယ်ယူ ပို့ဆောင်ဖြန့်ဝေရေးနှင့် ပတ်သက်၍ အဓိက အခက်အခဲ သုံးခု ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ပထမဦးဆုံးအနေဖြင့် ဝယ်ယူမှုအတွက် ထုတ်ဝေသူများ နှင့် အစိုးရဝန်ထမ်းများ ပူးပေါင်းကြံစည် လက်သိပ်ထိုးသည့် ကိစ္စကို ကိုင်တွယ်ရမည်ဖြစ်ကြောင်း သူက နားလည်ထားပါသည်။ "ဝယ်ယူရေး (procurement) ဆိုင်ရာ ဥပဒေ အဟောင်းနဲ့ အသစ်မှာပါ ဝယ်ယူလိုသည့် အစိုးရအဖွဲ့အစည်းသည် တစ်နိုင်ငံလုံးသို့ ဖြန့်ဝေသည့် သတင်းစာတွင် လေလံ/တင်ဒါ ခေါ်ဆိုရမည် ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။" ဟု သူကပြောသည်။ "တကယ်လို့ အစိုးရအေဂျင်စီထဲက တစ်ချို့အရာရှိတွေဟာ ကိုယ်မျက်နှာသာ ပေးချင်တဲ့ ပေးသွင်းသူ(supplier) နဲ့ ပူးပေါင်းကြံစည်ချင်တယ် ဆိုရင် မထင်မရှား အသေးဆုံး ကြော်ငြာချက်လေးကို နိုင်ငံအဆင့် ဖြန့်ဝေမှုစောင်ရေ အနည်းဆုံး သတင်းစာမှာ ထည့် တယ်။ အခြား ဈေးပြိုင် တင်သွင်းသူ အားလုံး မသိ အောင် ကြော်ငြာချက်ကို လူမသိ၊ သူမသိ ထုတ်ပြန်တဲ့ နည်းနဲ့ ကိုယ် ဦးစားပေးချင်တဲ့သူ ရအောင် လုပ်တာပေါ့ဗျာ။ ပြီးတော့ သူတို့က ဥပဒေနဲ့ ညီညွတ်စွာ မှန်မှန်ကန်ကန် ဆောင်ရွက်ထားတာလို့ ပြောပါလိမ့်မယ်။ တင်ဒါတင်ရမယ့် နေ့မှာလည်း ဝယ်ယူမှု ဦးစားပေး အချက် အလက် အသေးစိတ်တွေ ကြိုတင် ရရှိထားတဲ့ သူတို့စိတ်ကြိုက် ပေးသွင်းသူ(suppliers) တွေသာ ရောက်လာကြပါတယ်။ ကိုယ့်လူတွေနဲ့ပဲဆိုတော့ ပွင့်လင်းစွာဆောင်ရွက်ရမယ့် တင်ဒါ စည်းမျဉ်းတွေ အတိုင်း ဟန်ပြ သဘောလုပ်တာပေါ့ဗျာ။ ဥပဒေချိုးဖောက်တာ၊ ဥပဒေနဲ့ မညီညွတ်တာ မရှိဘူး ဆိုတဲ့ သဘောမျိုး ပေါ့။" ဟု သူက ရှင်းပြသည်။ အခြားလုပ်ဖာတ် တစ်ခုတွင်မူ အကျင့်ပျက် အရာရှိများက တင်ဒါ အသေးစိတ် အချက်အလက်များကို အနီးကပ်မှ ပြောင်းပစ်ခဲ့ပြီး ထုတ်ပြန်ကြေညာချက်ကို အချို့သော ပေးသွင်း သူ များကိုသာ သိစေခဲ့ပါသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် အခြားသူများအား လိုအပ်ချက်ဖြင့် ကိုက်ညီမှု မရှိဟု အကြောင်းပြ၍ အလွယ်တကူ ဖယ်ရှားပစ်နိုင်ခဲ့ သည်။ တင်ဒါရရှိရန်အတွက် DepEd အရာရှိများအား ပေးရသည့်ငွေမှာ ကျောင်းသုံး ဖတ်စာအုပ် ရန်ပုံငွေများ၏ ၂၀ မှ ၆၅% အထိ ရှိကြောင်း ပေးသွင်းသူများက ခန့်မှန်းပြောဆိုကြပါသည်။ [1]

ဒုတိယတစ်ခုမှာ၊ ဦးစီးဌာနတွင် ဖတ်စာအုပ်များ၏ အရည်အသွေးကို စိစစ် အကဲဖြတ် ရန်အတွက် ယုံကြည်စိတ်ချရသည့် လုပ်ငန်းစဉ် မရှိခြင်း ဖြစ်သည်။ ဖတ်စာအုပ်များမှာ အချက်အလက်၊ သဒ္ဒါ၊ နှင့် ဘာသာစကား အသုံးအနှုန်း အမှားအယွင်းများ ဗရပွဖြစ်နေခဲ့ပါသည်။ DepEd သည် ကန်ထရိုက်စာချုပ်များ မပေးအပ်မီတွင် စာမူများကို အကဲဖြတ်စစ်ဆေးရန် အတွက် ပြင်ပမှ ကျွမ်းကျင်ပညာရှင်များ ကို ငှားရမ်း၍ စစ်ဆေးခဲ့သော်လည်း ပုံနှိပ်ထုတ်ဝေသူများက အကဲဖြတ်သူ အချို့ဖြင့် တိုက်ရိုက်ပူးပေါင်းပြီး အခြားသူများအပေါ် အသာစီးရအောင် လုပ်ဆောင်ခဲ့ကြသည်။ ဖြစ်လေ့ရှိသည့် ပုံစံတစ်ခုမှာ ပုံနှိပ်ထုတ်ဝေသူများသည် DepEd မှ အကဲဖြတ်စစ်ဆေးမှု အစည်းအဝေးများ ပြုလုပ်သည့် နေရာတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆွေးနွေးပွဲများ ပုံမှန် ပြုလုပ်လေ့ရှိခြင်း ဖြစ် သည်။ ပုံနှိပ်ထုတ်ဝေသူများသည် ဖတ်စာအုပ်များကိုလည်း အရည်အသွေးပြည့်မီအောင် မပြုလုပ်ကြပါ။ ကန်ထရိုက်စာချုပ်ပါ လိုအပ်သည့် သတ်မှတ် အရည်အသွေး ထက် များစွာညံ့သော စာရွက်များကို အသုံးပြုခဲ့ကြ သည်။ ကျောင်းသားများ ရရှိခဲ့သော ဖတ်စာအုပ်များတွင် စာမျက်နှာများ အပြည့်အစုံမပါဝင်ခြင်း၊ ပုံနှိပ်စာများ ရှင်းလင်းပြတ်သားမှု မရှိခြင်း

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

သို့မဟုတ် လျော့တိလျော့ရဲ ချုပ်ထားခြင်း တို့ မကြာခဏ ဖြစ်နေခဲ့ပါသည်။

တတိယတစ်ခုမှာ ပို့ဆောင်ဖြန့်ဝေမှု ပြဿနာ ဖြစ်သည်။ ဖတ်စာအုပ် ကန်ထရိုက်စာချုပ်များအရ ပုံနှိပ်ထုတ်ဝေသူများက စာအုပ်များကို ကျောင်းများ အရောက် ပို့ဆောင်ပေးရမည် ဖြစ်သည်။ သို့သော်လည်း ပုံနှိပ် ထုတ်ဝေသူများအတွက် ပစ္စည်း ပို့ဆောင်ရေး တာဝန်ယူထားသည့် ပေးပို့ဖြန့်ဝေရေး ကုမ္ပဏီများသည် စာအုပ်များကို အချိန်မီ သို့မဟုတ် အရေအတွက် မှန်ကန်စွာ ပို့ဆောင်နိုင်မှု မရှိ လောက်ပင် ဖြစ်သည်။ စာသင်ကျောင်းများသို့ အမှန်တကယ် ရောက်မလာဘဲ ပို့ပြီးကြောင်း အစီရင်ခံမှုများ၊ မှာကြားထားသည့် အရေအတွက်ထက် လျော့နည်းစွာ ပို့ခြင်းများ မကြာခဏ ဖြစ်ပေါ် နေခဲ့ ကြောင်း သိရသည်။ "ဖတ်စာအုပ်သွင်းတဲ့သူတွေ အများကြီးရဲ့ ပို့ဆောင်မှု လမ်းကြောင်းပေါင်းက သောင်းနဲ့ချီပြီး ရှိနေတာဆိုတော့ သွင်းတဲ့ တစ်ယောက်က ဦးစီးဌာနရဲ့ အတွင်းလူ တစ်ချို့နဲ့ ပေါင်းပြီး လိမ်ဖို့လွယ်ပါတယ်။ ဥပမာဆိုရင် ဖတ်စာအုပ်ပေါင်း တစ်သန်း ပို့ရမယ့်အစား၊ သွင်းတဲ့သူဟာ စာအုပ် ၅၀၀၀၀၀ ပဲ ပုံနှိပ်ပြီး ပို့တာမျိုးပေ့ါ။ ဒါပေမယ့် တစ်သန်း ပို့ပေးပြီးသွားပါပြီလို့ အစီရင်ခံပြီး တစ်သန်းစာ ပေးချေငွေကို ယူပါတယ်။ လမ်းကြောင်းတစ်ခု မကျန် စောင့်ကြည့် စစ်ဆေး တာမျိုး မလုပ်ဘဲနဲ့တော့ စာအုပ်ပေါင်း တစ်သန်းဟာ မှန်မှန်ကန်ကန်ရောက်ရဲ့လား ဆိုတာ ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲဗျ" ဟု Luz က ပြောသည်။

ဖိလစ်ပိုင်နိုင်ငံရှိ ပြည်သူ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးသည့် ဘွဲ့လွန်ကျောင်းတစ်ခု ဖြစ်သော Ateneo School of Government ၏ လူမှုတာဝန်ခံမှု အစီအစဉ် တစ်ခု ဖြစ်သည့် Government Watch သို့မဟုတ် G-Watch က ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်တို့တွင် ကျောင်းခရိုင် ၃၂ ခုကို လွှမ်းခြုံသည့် လေ့လာမှု တစ်ခုကို ဆောင်ရွက်ခဲ့သည်။ G-Watch ၏ ဒါရိုက်တာဟောင်း တစ်ဦးဖြစ်သူ Redempto Parafina က ၎င်းတို့ အဖွဲ့၏ လေ့လာချက်တွင် ပြဿနာ အခက်အခဲ မြောက်များစွာ တွေ့ရှိခဲ့သည်ဟု ဆိုသည်။ "ပထမဆုံးအနေနဲ့ ကျောင်းသုံးဖတ်စာအုပ် ၄၀% လောက်က ရောက်မလာပါဘူး။ ဒုတိယအနေနဲ့ ပို့ဆောင်မှု အချိန်ဇယားသတ်မှတ်တာက အရမ်းရှုပ်ထွေးနေပါတယ်။ ဘယ်အချိန်မှာ ဘယ်နေရာကို ပို့ရမလဲ ဆိုတဲ့ တိကျရှင်းလင်းတဲ့ လမ်းညွှန်မှုတွေ မရှိပါဘူး။ တတိယအချက်အနေနဲ့ စာအုပ်တွေ ပို့ဆောင်တာနဲ့ ပတ်သက်ပြီး ကျောင်းအုပ်ကြီးတွေကို အသိပေးအကြောင်းကြားတာမရှိပါဘူး။ စတုတ္ထ အချက်အနေနဲ့ သတ်မှတ်ချိန်ထက် နောက်ကျပြီး ပို့ဆောင်လည်းပဲ ပြစ်ဒဏ် ပေးတာ တစ်ခုမှ မရှိပါဘူး။" ဟု သူက ထိုစဉ်က အနေအထားကို ပြန်လည် ရှင်းပြသည်။

ဦးစီးဌာနသည် ထုတ်ဝေသူများအား အချိန်ဇယားအတိုင်း ဆောင်ရွက်ရန် ကြပ်မတ်ပြောဆိုခြင်း မရှိခဲ့သလို၊ ပို့ဆောင်မှုများ ဆောင်ရွက်စဉ် စောင့်ကြည့်စစ်ဆေး မှုလည်း မလုပ်ခဲ့ပါ။ ထို့အတွက်ကြောင့် ပေးသွင်းသူများ (suppliers) များသည် ပို့ဆောင်မည့် အချိန်၊ နေရာ အား မိမိတို့ ကြိုက်သလိုပင် ဆောင်ရွက်နေခဲ့ကြသည်။ ဖြစ်ရပ်ဥပမာ များစွာအရ ပို့ဆောင်မှုများမှာ တစ်နှစ်ထက်မကပင် နောက်ကျခဲ့ကြောင်း တွေ့ရသည်။ DepEd မှ စစ်ဆေးသူများမှာ ကျောင်းများသို့ သွားရောက်၍ ပို့ဆောင်မှုများ ရောက်ရှိမှု ရှိမရှိ စစ်ဆေးရန် ရက်ပေါင်း ၃၀ အချိန်ယူခဲ့ ပါသည်။ Luz က "ဖတ်စာအုပ်တွေ ရောက်မရောက် ကျောင်းတွေမှာ သွားရောက် စစ်ဆေးဖို့အတွက် ရက်ပေါင်း ၃၀ အချိန်ယူပေမယ့် ကိုယ်တာဝန်ကျတဲ့ နယ်မြေမှာ ရှိတဲ့ ကျောင်းအားလုံးကို ကိုယ်တိုင်ကိုယ်ကျ ရောက်အောင် သွားဖို့ မဖြစ်နိုင်တဲ့ အခြေအနေ ရှိပါတယ်။ ဒ့ါအပြင် သူတို့တွေ သွားပြီး အမှန် တကယ် စစ်ဆေးတဲ့အခါမှာလည်း ပို့ပေးတဲ့ စာအုပ် အရေအတွက်ကို စစ်ဆေး မှတ်သားနိုင်ဖို့က မလွယ်ပါ ဘူး။ ဘာလို့လဲ ဆိုတော့ ဖတ်စာအုပ်တွေက ကျောင်းသားတွေဆီ ဖြန့်ဝေထားနှင့်ပြီးသား၊ အသုံးပြုနှင့်ပြီးသား ဖြစ်နေနိုင်ပါတယ်။ အဲဒီအခါကျတော့ ကျောင်းအုပ်တွေက ကိုယ့်ဟာကို မှန်းဆပြီး အစီရင်ခံလိုက်တာမျိုး ဖြစ်လာပြီး၊ စစ်ဆေးသူတွေကည်း အရေအတွက်ကို အမှန်တကယ် ရေတွက် စစ်ဆေးနိုင်ခြင်း မရှိဘဲနဲ့

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ရရှိကြောင်း အတည်ပြု လိုက်တာ ဖြစ်နိုင်ပါတယ်။” ဟုဆိုသည်။ ဖြစ်ခဲ့ဖူးသည့် ဥပမာတစ်ခုတွင် ဒေသရုံးတစ်ခုအတွက် သတ်မှတ်ချထားပေးသည့် ဖတ်စာအုပ် ၁၀၈၄၉၆ အုပ်တွင်၊ အမှန်တကယ်ပို့ပေးထားသည်မှာ ၄၆၈၀၀ သာ ဖြစ်သော်လည်း အားလုံးပို့ပြီးကြောင်း DepEd မှ စစ်ဆေးသူများက အတည်ပြုခဲ့ကြသည်။ ထို့အပြင် စာအုပ် ၃၂၆၂၅ အုပ် သို့မဟုတ် ပို့ထားသော စာအုပ်စုစုပေါင်း၏ သုံးပုံနှစ်ပုံ ထက်မကသော အရေအတွက်မှာလည်း ဦးစီးဌာန၏ အရည်အသွေး သတ်မှတ်ချက်အတိုင်း မပြည့်မီခဲ့ပါ။ သုံးထောင်ခန့်မှာလည်း အဝယ်မှာယူရာတွင် မပါဝင်သည့် စာအုပ်များ ဖြစ်နေခဲ့ပါသည်။[2]

ဤပြဿနာများမှာ ၁၉၉၀ခုနှစ်များ ကတည်းက ဖြစ်ပွားနေခဲ့ခြင်းဖြစ်သော်လည်း ထိုဆယ်စုနှစ်နှောင်းပိုင်းမှသာ အကြောင်းအရင်းများစွာကို အခြခံ၍ ပြုပြင်ပြောင်းလဲရေးအတွက် ပြည်သူလူထု၏ ဖိအားတစ်ရပ် ဖြစ်ပေါ်လာခဲ့ရပါသည်။ ၁၉၉၉ ခုနှစ်တွင် ဦးစီးဌာနအတွင်းမှ အကျင့်ပျက်ခြစားမှုများ အကြောင်းကို ဖော်ထုတ်ရေးသားခဲ့သည့် ဂျာနယ်လစ် Yvonne T.Chua ၏ အရေးကြီးလှသော စာအုပ်တစ်အုပ် ဖြစ်သည့် *လုယက်ခိုးဝှက်ခံရခြင်း - ဖိလစ်ပိုင် ပညာရေး၏ အကျင့်ပျက်ခြစားမှုအား စုံစမ်း စစ်ဆေးမှု (Robbed: An investigation of Corruption in Philippines Education)* စာအုပ်တွင် အစိုးရကျောင်းများ၌ ကျောင်းသုံးဖတ်စာအုပ်များ ဆိုးဆိုးဝါးဝါးပင် လိုအပ်နေခဲ့ကြောင်း မီးမောင်း ထိုးပြခဲ့သည်။ စာရေးသူက “အစိုးရကျောင်းပေါင်း ၄၀၀၀၀ စလုံးနီးပါးတွင် ဖတ်စာအုပ် လုံလောက်မှု မရှိသည့် အခက်အခဲမှာ အခြေအနေ လွန်စွာ ဆိုးဝါးလျက်ရှိပြီး ပျမ်းမျှအားဖြင့် ဖတ်စာအုပ်တစ်အုပ်ကို မူလတန်းကျောင်းများတွင် ကျောင်းသား ၆ ဦးမှ မျှဝေသုံး နေရပြီး၊ အထက်တန်းကျောင်းများတွင် ကျောင်းသား ၈ ဦးမှ မျှဝေ သုံးနေကြရသည်။”[3] ဟု ရေးသားဖော်ပြထားပါသည်။ ထိုနှစ်တွင်ပင် ဖိလစ်ပိုင်မှ သုတေသန အဖွဲ့အစည်းတစ်ခု ဖြစ်သည့် Social Weather Stations မှ ကောက်ယူခဲ့သော သဘောထားစစ်တမ်း တစ်ခုအရ ဖြေဆိုသူများက ပညာရေးဦးစီးဌာနအား အစိုးရအဖွဲ့အစည်း ၂၆ ခု အနက် ဆဋ္ဌမမြောက် အကျင့်ပျက်ခြစားမှုအရှိဆုံး [4] အဖြစ် အဆင့်သတ်မှတ်ခဲ့သည်ကို တွေ့ရသည်။

ကမ္ဘာ့ဘဏ်ကဲ့သို့သော နိုင်ငံတကာ အေဂျင်စီ များကလည်း ပြုပြင်ပြောင်းလဲရေးအတွက် အချိန်ကိုက် ပါဝင် ကူညီပေးခဲ့ကြသည်။ ၁၉၉၇ အရှေ့အာရှ ဘဏ္ဍာရေး အကြပ်အတည်းအလွန်တွင် ကမ္ဘာ့ဘဏ်သည် ဖိလစ်ပိုင်အစိုးရ၏ လူမှုရေးဝန်ဆောင်မှု အသုံးစရိတ် လျှော့ချထားခဲ့ခြင်းအတွက် ဖြည့်စွက် အစားထိုးပေးနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည့် ထောက်ပံ့ရေး အစီအစဉ် တစ်ခု ဖြစ်သော ပထမအကြိမ် လူမှုရေး အသုံးစရိတ် စီမံခန့်ခွဲမှု စီမံချက် (First Social Expenditure Management Project) ကို စတင်ဆောင်ရွက်ခဲ့ သည်။ ၂၀၀၂ ခုနှစ်တွင် ကမ္ဘာ့ဘဏ်သည် ဒုတိယအကြိမ် လူမှုရေး အသုံးစရိတ် စီမံခန့်ခွဲမှု စီမံချက် အောက်မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို အတည်ပြုပေးခဲ့သည်။ ပထမ အကြိမ် စီမံချက်ကို အခြေပြု၍ ဒုတိယအကြိမ်စီမံချက်သည် အစိုးရအသုံးစရိတ်များကို လျှော့ချပြီး၊ အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးများကို မြှင့်တင်ပေးနိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး နှင့် လူမှုဖူလုံရေး စသည့် အခြခံဝန်ဆောင်မှုများအတွက် ပံ့ပိုးသည့် ချေးငွေတွင် အစိုးရကျောင်းများသို့ ကျောင်းသုံး ဖတ်စာအုပ်ပေါင်း ၃၇ သန်း ဖြန့်ဝေရန်အတွက် ရန်ပုံငွေလည်း ပါဝင်ပါသည်။ ကမ္ဘာ့ဘဏ်၏ လမ်းညွှန် သတ်မှတ်ချက်များအရ နိုင်ငံတကာ လေလံယှဉ်ပြိုင်မှု အတိုင်း ဆောင်ရွက်စေခဲ့ပြီး၊ ဝယ်ယူမှုတွင် ပွင့်လင်းမြင်သာမှု ပိုမိုဖြစ်ပေါ်ရေးအတွက် ဖိအားများ ဖန်တီးပေးနိုင်ခဲ့ သည်။

## တုံ့ပြန်မှုတစ်ခုကို မူဘောင်သွင်းခြင်း (FRAMING A RESPONSE)

လက်ထောက် အတွင်းဝန် ဖြစ်လာခဲ့ချိန်တွင် Luz သည် မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန် အဆင်သင့် ဖြစ်နေခဲ့ပါသည်။ သူသည် Asian Institute of Management တွင် လုပ်ကိုင်စဉ်က DepEd နှင့်

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ပတ်သက်သည့် လွတ်လပ်သော ဆန်းစစ်ချက်များကို ဦးစီး ဆောင်ရွက်ခဲ့သည် ဖြစ်ရာ ဦးစီးဌာန၏ အတွင်းပိုင်း ဆောင်ရွက်ပုံများကို ကောင်းစွာ နားလည် ကျွမ်းဝင်ထားပြီး ဖြစ်သည်။ "၂၀၀၂ ခုနှစ် နှစ်ကုန်ပိုင်းမှာ DepEd ကို ကျွန်တော်တို့ ရောက်လာတော့၊ ၂၀၀၀ ခုနှစ်တုန်းက အတွင်းဝန်ဖြစ်တဲ့ Andrew Gonzales နဲ့ ၂၀၀၂ ခုနှစ်က ယခင် အတွင်းဝန်ဟောင်း Raul Roco တို့လက်ထက်က ပညာရေးဦးစီးဌာနကို လေ့လာဖို့ တာဝန်ပေးထားတဲ့ သုတေသန အဖွဲ့နှစ်ဖွဲ့ကို ကျွန်တော် ဦးဆောင်ခဲ့ဖူးတော့၊ အဲ့ဒီအကျိုးကျေးဇူးကို ခံစားရပါတယ်။ အဲဒါကြောင့်မို့ပဲ ကျွန်တော်တို့က ဘာကို ရှာဖွေ ကြည့်ရှုရမလဲ ဆိုတာ သိနေခဲ့တဲ့အပြင်၊ ဒီအုပ်ချုပ်ရေးယန္တရား ထဲမှာလည်း အဆက်အသွယ်တွေ ရှိနှင့်ပြီးသား ဖြစ်ခဲ့ပါတယ်။ တစ်နည်းပြောရရင်တော့ ကျွန်တော်တို့က ဦးစီးဌာနရဲ့ အတွင်းပိုင်းနဲ့ ပတ်သက်တဲ့ သိမြင်နားလည်မှုကော၊ လူမှုအရင်းအနှီးကော နှစ်ခုစလုံး ရှိထားပြီး ဖြစ်ပါတယ်။" ဟု ဆိုသည်။

အောက်တိုဘာ ၂၀၀၂ တွင်၊ DepEd သည် ၂၀၀၂ နှင့် ၂၀၀၃ ခုနှစ်များအတွက် ကျောင်းသုံး ဖတ်စာအုပ်များ ဝယ်ယူရန် ပြင်ဆင်နေခဲ့ချိန်ဖြစ်သည်။ Luz မတိုင်မီ တာဝန်ယူခဲ့သော အဖွဲ့က ရုံးလုပ်ငန်းများကိုသာ အဓိကဆောင်ရွက်သွားခဲ့ပြီး ၂၀၀၂ ခုနှစ်အတွက် ဖတ်စာအုပ်များကို ဝယ်ယူပေးခဲ့ခြင်းမရှိပေ။ DepEd အနေဖြင့် ၂၀၀၃ နှစ်မကုန်မီ ဖတ်စာအုပ်များ ဝယ်ယူသုံးစွဲ နိုင်ခြင်း မရှိပါက ပိုက်ဆံအား နိုင်ငံတော်ဘဏ္ဍာတိုက် သို့ မဖြစ်မနေ ပြန်လည် ပေးအပ်ရမည် ဖြစ်သည်။ ဦးစီးဌာနသည် ၂၀၀၃ ခုနှစ်အတွက်လည်း စာအုပ်များ ဝယ်ရမည် ဖြစ်ရာ Luz မှာ မြင့်မားလှသည့် ဝယ်ယူရေး အခြေအနေတစ်ရပ်ဖြစ်သော ပီဆိုငွေ ၁.၃ ဘီလီယံ သို့မဟုတ် ထိုစဉ်က အမေရိကန်ဒေါ်လာ ၂၄ သန်း ပမာဏ ရှိသည့် ဖတ်စာအုပ်ပေါင်း ၃.၇ သန်း ကို ဝယ်ယူနိုင်ရန် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

ဝယ်ယူမှု ပြုပြင်ပြောင်းလဲရေးမှာ အဖွဲ့သစ်အတွက် ယခင်ကတည်းကပင် ထိပ်တန်းဦးစားပေးကိစ္စ တစ်ခု ဖြစ်ပါသည်။ ဦးစီး ဌာနတွင် တာဝန်စမယူမီ တစ်လအလိုကတည်းကပင် de Jesús ၊ Luz နှင့် အခြား လက်ထောက် အတွင်းဝန် နှစ်ဦး တို့သည် ဦးစီးဌာနအတွက် ဦးစားပေးဆောင်ရွက်ရန် အကြောင်းအရာ များကို ရွေးချယ် သတ်မှတ်ခဲ့ကြသည်။ Luz က "ပုဂ္ဂလိကကဏ္ဍ ဘက်ကနေ လာခဲ့တဲ့သူတွေဖြစ်ပြီး၊ DepEd အကြောင်းကို ကောင်းကောင်းသိထားတော့၊ ဒီဦးစီးဌာနရဲ့ ပြဿနာတွေကို ရှင်းလင်းဆောင်ရွက်ဖို့ ကျွန်တော်တို့ကိုယ်တိုင်က စိတ်ပါဝင်စားခဲ့တာပါ။ အများအားဖြင့်တော့ ကိုယ့်ဆန္ဒနဲ့ ကိုယ် လုပ်ခဲ့တာလို့ ပြောလို့ရပါတယ်။" ဟု ပြောသည်။ ၎င်းတို့အဖွဲ့သည် ပညာရေး အရည်အသွေး တိုးတက်ရန်၊ DepEd၏ လုပ်ငန်းဆောင်ရွက်မှုများ ချဲ့ထွင်ရန် နှင့် ဆရာခန့်အပ်မှုကိစ္စများ ပြင်ဆင် ဆောင်ရွက်နိုင်ရန် တို့အတွက် အစီအစဉ် တစ်ရပ်ကို ရေးဆွဲခဲ့သည်။ ဝယ်ယူမှု ပြုပြင်ပြောင်းလဲရေးမှာ အရေးကြီးသည့် အခန်းကဏ္ဍတွင် ရှိပါသည်။

အဖွဲ့သစ်သည် အဓိကအားဖြင့် လက်ရှိဝန်ထမ်းများဖြင့်သာ ဆက်လုပ်ရန် ဆုံးဖြတ်ခဲ့သော်လည်း Luz က ဝယ်ယူမှုဆိုင်ရာ အတိုင်ပင်ခံအဖြစ် အစိုးရကျောင်းဆရာဟောင်းတစ်ဦးဖြစ်သူ Aida Carpentero ကို ငှားရမ်းခဲ့ သည်။ ၎င်းမှာ ဥပဒေ ဘွဲ့ရတစ်ဦးဖြစ်ပြီး၊ ပုဂ္ဂလိကကဏ္ဍဘက်တွင်လည်း အတွေ့အကြုံကောင်းစွာ ရှိထားသူ ဖြစ်သည်။ Capentero မှာ နောက်ပိုင်းတွင် ဦးစီးဌာန၏ ဝယ်ယူမှု တာဝန်များအားလုံးကို စီမံဆောင်ရွက်ရသည့် ဝယ်ယူရေးဆိုင်ရာ ဝန်ဆောင်မှု ညွှန်ကြားရေးမှူး (director of procurement services) ဖြစ်လာခဲ့ပါသည်။

Luz က "အတွင်းဝန် de Jesús ကျွန်တော့်ကို ညွှန်ကြားခဲ့တာကတော့ DepEd ကို အကျင့်ပျက်ခြစားမှု မရှိအောင် နဲ့ ဦးစီးဌာနရဲ့ ရန်ပုံငွေ ၁၀၀% စလုံးကို စာသင်ခန်းတွေ၊ ဆရာတွေ၊ ပရိဘောဂတွေ၊ ဖတ်စာအုပ်တွေနဲ့ ကျောင်းသုံးပစ္စည်းပစ္စယတွေ အပါအဝင် မှန်ကန်တဲ့ ရည်ရွယ်ချက်တွေအတွက် အပြည့်အဝ အသုံးပြု နိုင်ဖို့ပဲ ဖြစ်ပါတယ်။" ဟု ပြောသည်။ ထိုညွှန်ကြားချက်၏ အစိတ်အပိုင်း တစ်ခု အဖြစ် Luz သည် ဖတ်စာအုပ်များ ဝယ်ယူမှုနှင့် ပို့ဆောင်မှုများ တိုးတက် ကောင်းမွန်လာစေရန် အတွက် ဖတ်စာအုပ်

© 2014, Trustees of Princeton University

စိစစ်ရေတွက်ရေး စီမံချက် (Texbook Count project) ကို ၂၀၀၂ ခုနှစ်တွင် စတင်ခဲ့ပါသည်။

ဝယ်ယူမှုတွင် ပွင့်လင်းမြင်သာမှု ရှိစေရေး အတွက် Luz သည် လေလံ/တင်ဒါ လုပ်ငန်း စဉ်များတွင် လေ့လာ စောင့်ကြည့်ပေးရန် လွတ်လပ် သည့် အဖွဲ့များ ကို ဖိတ်ခေါ်ခဲ့သည်။ သူသည် G-Watch နှင့်၊ အစိုးရ၏ ဝယ်ယူမှုများကို စောင့်ကြည့် မှတ်တမ်းတင်သည့် အကျင့်ပျက်ခြစားမှု တိုက်ဖျက် ရေး အဖွဲ့ဖြစ်သော Procurement Watch အဖွဲ့တို့ကို တင်ဒါဖွင့်ဖောက်ရွေးချယ်ပွဲများကို တက်ရောက်ပေး ရန်နှင့် အဆိုပြု လျှောက်လွှာများကို အကဲဖြတ် ရွေးချယ်သည့် ဦးစီး ဌာန၏ လေလံ/တင်ဒါများ ဆိုင်ရာ ကော်မတီ၏ အဆင့်ဆင့် ဆုံးဖြတ် ဆောင်ရွက်မှုများကို သက်သေခံ စောင့်ကြည့်ပေးရန် ဖိတ်ခေါ်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ပြည်ထောင်စု ဝယ်ယူမှုဆိုင်ရာ ဥပဒေ (federal procurement law) ကို ပြဋ္ဌာန်းခဲ့ပြီး၊ ဥပဒေအရ အစိုးရအဖွဲ့အစည်းများ အနေဖြင့် တင်ဒါ ဖွင့်ဖောက်ရွေးချယ်ခြင်းနှင့် ကန်ထရိုက်စာချုပ် ဆွေးနွေးမှုများတွင် အစိုးမဟုတ်သော အဖွဲ့အစည်း များ (NGOs) ကို ထည့်သွင်း ဆောင်ရွက်ရမည် ဖြစ်သည်။

Luz သည် G-Watch နှင့် အခြား အန်ဂျီအို များအား ဖတ်စာအုပ်များကို ကျောင်းများသို့ မပေးပို့မီ စာအုပ်များ၏ ရုပ်ပိုင်းအရည်အသွေး (physical quality) ကို စစ်ဆေးပေးရန် အတွက်လည်း ဖိတ်ခေါ်ခဲ့သည်။ Textbook Count စီမံချက်၏ ဒုတိယ အဆင့် ဖြစ်သည့် ၂၀၀၃-၂၀၀၄ အတွင်း၌ Luz သည် ဖတ်စာအုပ်များမှ ပုံနှိပ်အမှားအယွင်းများကို အဆင့် နှစ်ဆင့် အကဲဖြတ်စစ်ဆေးမှုစနစ် (two-step evaluation) ဖြင့် ကိုင်တွယ် ဖြေရှင်းခဲ့ပြီး ၊ တတိယ အဆင့် ဖြစ်သည့် ၂၀၀၅ ခုနှစ်တွင် အဆင့်လေးဆင့် စနစ်ကို ဆောင်ရွက်ခဲ့သည်။

ဖတ်စာအုပ်များ ပို့ဆောင်ဖြန့်ဝေခြင်းကို ပြင်ဆင်ပြောင်းလဲနိုင်ရန်အတွက် ထုတ်ဝေသူများအား အချိန်ဇယားများတိတိကျကျ သတ်မှတ်ပေးရန် လိုအပ် ကြောင်း Luz က သိထားပါသည်။ DepEd အနေဖြင့် ပုံနှိပ်ထုတ်ဝေသူများ အားလုံးအတွက် တူညီသည့် ပို့ဆောင်မှု အချိန်ဇယားတစ်ခုကို သတ်မှတ်သွားမည် ဖြစ်ကြောင်းကို ကျောင်းအပ်မှုဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ စုစည်းခြင်း၊ ဖတ်စာအုပ်များ၏ အရည်အသွေးကို စစ်ဆေးခြင်းနှင့် ကျောင်းများ အကြား ဆက်သွယ်ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက် ရန် တာဝန်ရှိသည့် သင်ကြားရေး ပစ္စည်းများဆိုင်ရာ ကော်မတီ အတွင်းဝန်ရုံး (instructional Materials Committee Secretariat (IMCS)) မှ ဝန်ထမ်းများကို Luz က အကြောင်းကြားခဲ့ပါသည်။ "ထုတ်ဝေသူ တစ်ဦးစီကို ကိုယ့်ဟာကိုယ် ပို့ဆောင်မှု အချိန်ဇယား ရေးဆွဲခွင့် ပြုမှာမဟုတ်ပါဘူး။ အဲဒီအစား လေလံ/ တင်ဒါ အောင်ထား တဲ့ ထုတ်ဝေသူတွေ အားလုံးဟာ မြို့ကြီးတစ်ခု၊ ခရိုင် တစ်ခု ဒါမှမဟုတ် မြို့ငယ် တစ်ခု အတွက် တစ်ချိန်တည်း တူညီစွာ သတ်မှတ်ပေး ထားတဲ့ ရက်တွေ အတွင်းမှာ ပို့ပေး ရမှာဖြစ်တယ်။ ထုတ်ဝေသူတိုင်းဟာ တင်ဒါအောင်တဲ့ အချိန်ကနေ နောက်ဆုံး အရောက်ပို့ရ မယ့် အချိန်အထိ ရက်ပေါင်း ၁၅၀ တူညီစွာ အချိန်ရရှိ မှာ ဖြစ်ပါတယ်။ အဲဒီလို သူတို့တွေအားလုံးကို ခရိုင်၊ မြို့ကြီး၊ မြို့ငယ်တွေဆီ တစ်ချိန်တည်း တစ်နေရာတည်း အတူတူ ပို့ခိုင်း တဲ့ နည်းလမ်းနဲ့ ပို့ဆောင်မှု အချိန်ဇယားကို ပြင်ဆင် နိုင်ခဲ့ပါတယ်။" ဟု ဆိုသည်။ တစ်ခုတည်းသာရှိမည့် အချိန်ဇယားအရ DepEd သည် ကျောင်းများနှင့် ခရိုင် ပညာရေး ရုံးများသို့ ပို့ဆောင်ဖြန့်ဝေမည့် နေ့ရက် နှင့် အချိန်ကို အမြဲသိရှိစေနိုင်မည် ဖြစ်သည်။

Luz သည် ကျောင်းများက လက်ခံရရှိသည့် ဖတ်စာအုပ်များ၏အရည်အသွေးကောင်းမွန်မှု ရှိမရှိနှင့် အရေအတွက် မှန်ကန်မှု ရှိမရှိ စစ်ဆေးအတည်ပြုနိုင် ရန်အတွက် ပြင်ပမှ စောင့်ကြည့်စစ်ဆေးသူများ ထားရှိသွားရန် ဆန္ဒ ရှိခဲ့ သည်။ "DepEd ကမဟုတ်တဲ့ ပြင်ပ စောင့်ကြည့်သူတွေ ထားချင်တယ်။ ဌာနအတွင်း က လူတွေဆိုရင် ပေးသွင်းသူ (suppliers) တွေက ပူးပေါင်းကြံစည်ဖို့ ပိုလွယ်ပါတယ်။ ဒါကြောင့် ပြင်ပ ပုဂ္ဂိုလ်တွေပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့ ဒါမှမဟုတ် DepEd

© 2014, Trustees of Princeton University

ဝန်ထမ်း မဟုတ်တဲ့ သူတွေ ဖြစ်ရပါမယ်။" ဟု သူက ပြောသည်။

Luz က G-Watch ကို အကူအညီတောင်းခဲ့ပါသည်။ Parafina က G-Watch ၏ ကျောင်းခရိုင် ၃၂ ခု အပေါ် လေ့လာချက် တစ်ခု၏ ရှင်းလင်းတင်ပြပွဲသို့ Luz ကို တက်ရောက်ရန် ဖိတ်ခဲ့သည်။ "ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေး လေ့လာ ကြိုးပမ်းမှု တွေနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြတာကို နားထောင်ပေးဖို့ Luz က အသင့်တော်ဆုံး ပုဂ္ဂိုလ်ဖြစ်တယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ သူဟာ DepEd မှာ လူမှန် နေရာမှန် ရထားတာဖြစ်တဲ့အပြင် ကျွန်တော်တို့အတွက်လည်း ပူးပေါင်းဆောင်ရွက်လို့ရမယ့် ပုဂ္ဂိုလ် တစ်ယောက်ပါ။" ဟု Parafina ပြောသည်။ G-Watch ၏ လေ့လာတွေ့ရှိချက်များကို သဘောကျ နှစ်သက်သည့်အတွက် Luz က အဖွဲ့အား နိုင်ငံရှိ အထက်တန်းကျောင်း ၈၀၀၀ နှင့် ခရိုင်များကို တိုးချဲ့ပြီး စောင့်ကြည့်ပေးရန် တိုက်တွန်းခဲ့သည်။ ထို့အပြင် အခြား နိုင်ငံအဆင့်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အန်ဂျီအိုများ နှင့် ဒေသခံ ရပ်ရွာပြည်သူလူထုများကို စည်းရုံးလှုံ့ဆော်ပေးရန် အတွက်လည်း G-Watch ကို အကူအညီတောင်းခဲ့ သည်။

အလုပ် အရွယ်အစား အရ G-Watch ၏ လူအင်အားနှင့် အခြား အရင်းအမြစ်များကို အစွမ်းကုန် ထုတ်သုံးရမည့် အနေအထား ဖြစ်သော်လည်း တာဝန်ပေးချက်ကို Parafina က လက်ခံခဲ့ပါ သည်။ "ဒါက ကျွန်တော်တို့အတွက် လက်လွှတ်ခံလို့မဖြစ်တဲ့ အခွင့်အရေးပဲလေ" ဟု သူက ပြောသည်။ "စောင့်ကြည့်ရေး အလုပ်ကို ပူးပေါင်းဆောင်ရွက်ပေးမယ့် အစိုးရတစ်ရပ်ဆိုတာ ကျွန်တော်တို့အမြဲ လိုလားခဲ့တဲ့ အရာဖြစ်ပါ တယ်။ အခု ရလာပြီလေ။ ဒါကို အဆုံးရှုံး မခံနိုင်ဘူး" ဟု ဆိုသည်။ စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ပြီးနောက်ပိုင်းတွင် G-Watch သည် ဗဟို ဆက်သွယ်ညှိနှိုင်းရေး အဖွဲ့အဖြစ် တာဝန်ယူခဲ့ပြီး DepEd နှင့် NGOs ပူးပေါင်းအဖွဲ့ တို့ အကြား ဆက်သွယ်မှုများကို ထိရောက်စွာ ဆောင်ရွက်ပေးခဲ့ပါသည်။ နောက်ပိုင်းနှစ်များတွင် G-Watch သည် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကြိုးပမ်းချက်များကို ပံ့ပိုးသော အဖွဲ့အစည်း ဖြစ်သည့် Partnership for Transparency Fund ၊ the Asia Foundation နှင့် အခြား အဖွဲ့များထံမှ အသေးစား ထောက်ပံ့ငွေများကို ရရှိခဲ့သည်။

## အလုပ်စတင်ခြင်း (GETTING DOWN TO WORK)

Luz သည် DepEd မှ ပြည်သူ့ဝန်ထမ်းများအတွက် ရှင်းလင်းတိကျသည့် စံနှုန်းများနှင့် မျှော်မှန်းချက်များကို သတ်မှတ်ခြင်းဖြင့် စတင်ဆောင်ရွက်ခဲ့ရာတွင် အများအားဖြင့် အရေးပေါ် အစည်းအဝေးကို ဝန်ထမ်းများ တက်ရောက်မှုရှိမရှိစစ်ဆေးခြင်း စသည့် နေ့စဉ်အရေးကိစ္စများအပေါ် အလေးထား ဆောင်ရွက်ခဲ့သည်။ ဝန်ထမ်းများ၏ အမူအကျင့်၊ အလေ့အထများအားလုံးအပေါ် အလေးထားကြည့်ရှုမှုက သက်ရောက်မှု တစ်ခုကို ဖြစ်စေခဲ့ပါသည်။ "DepEd အဖွဲ့အသစ်ဟာ သေချာစောင့်ကြည့်စစ်ဆေးသွားမယ်။ တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်သွားမယ် ဆိုတဲ့ သတင်းတွေ ပြန့်လာတဲ့အခါမှာ DepEd က ဝန်ထမ်းတွေက ကျွန်တော်တို့အဖွဲ့ဟာ အလုပ်ကို အလေးအနက်ထားပြီး ကျွမ်းကျင်စွာ လုပ်မယ့်အဖွဲ့လို့ ချက်ခြင်းပဲ ရှုမြင်လာကြပြီးတော့ သူတို့ရဲ့ လုပ်ပုံကိုင်ပုံတွေကိုလည်း စပြီး ပြောင်းလဲလာကြတယ်ဗျ။ အများစုကတော့ စိတ်ပါလက်ပါ ပြောင်းလဲလာကြပါတယ်။ တစ်ချို့ကျတော့လည်း မချင့်မရဲ့နဲ့ တရွတ်ဆွဲပြီး ပါလာတာပေ့ါဗျာ။ ဝန်ထမ်း အဖွဲ့အဆင့်အမျိုးအစားနဲ့ ဘယ်လောက် ခေါင်းမာပေကပ်နေသလဲ ဒါမှမဟုတ် ပူးပေါင်းဆောင်ရွက်သလဲ အပေါ် မူတည်ပြီးတော့ ကျွန်တော်တို့က ဆုပေး၊ ဒဏ်ပေး စနစ်ကို ကျင့်သုံးရပါတယ်။ ဒါပေမယ့်လည်း အများအားဖြင့်တော့ အချက်ပြ သတင်းတွေ လွှင့်ပေးထားတာနဲ့တင် ဝန်ထမ်းတွေရဲ့ အမူအကျင့်တွေ၊ စိတ်သဘောထားတွေဟာ ပြုပြင်ပြောင်းလဲရေးဘက်ကို ဦးတည်လာကြတာကို တွေ့ရပါတယ်။" ဟု Luz က ပြောပြသည်။

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

*ဖတ်စာအုပ် ရေတွက်စိစစ်ရေးစီမံချက် - ၁၊ ၂၀၀၂/၂၀၀၃ - ဝယ်ယူမှုအပေါ် အာရုံစိုက်ခြင်း (Textbook Count 1, 2002/2003: Focusing on procurement)*

၂၀၁၁ ခုနှစ်တွင် DepEd၏ ဝယ်ယူရေးဆိုင်ရာ ဝန်ဆောင်မှု ညွှန်ကြားရေးမှူး Carpentero က "ဦးစီးဌာနမှာ အကျင့်ပျက် ခြစားမှု အဆိုးဝါးဆုံးဖြစ်ပေါ်နေတဲ့ နေရာတစ်ခုက ဝယ်ယူရေး ပါ။ အဲဒီတုန်းက ပြုပြင်ပြောင်းလဲရေးတာဝန်က အုပ်ချုပ်မှု ယန္တရားကို ပရော်ဖက်ရှင်နယ်ကျအောင် ပြောင်းလဲပြီး၊ နေ့စဉ်လည်ပတ်ဆောင်ရွက်လို့ရမယ့် စနစ်တွေ၊ ဖွဲ့စည်းတည်ဆောက်ပုံတွေနဲ့ လုပ်ငန်းစဉ်တွေ ပါဝင်တဲ့ ဘဏ္ဍာရေးနဲ့ စီမံရေးရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွေကို ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။ အဲဒီတာဝန်ကို ၂၀၀၂/၂၀၀၃ အတွက် ကျောင်းသုံးဖတ်စာအုပ်ဝယ်ယူရေး လုပ်ငန်းကြီးနဲ့ စတင် ဆောင်ရွက်ခဲ့ပါတယ်။" ဟု ပြောပြ သည်။

ဖတ်စာအုပ်ရေတွက်စီစစ်ရေး (Textbook Count) ပထမဆုံး စီမံ ချက်အတွင်း၌ Luz က ဝယ်ယူမှုလုပ်ငန်းစဉ်ကို ပွင့်လင်းမှု ရှိလာစေမည့် လုပ်ငန်းအဆင့်များ သတ်မှတ်ခဲ့သည်။ ပထမအဆင့် အဖြစ် DepEd မှ ဝန်ထမ်းက တင်ဒါ အသေးစိတ်အချက်အလက်များကို တစ်နိုင်ငံလုံးသို့ ဖြန့်ချီသည့် အဓိက သတင်းစာကြီး သုံးစောင်တွင် ထည့်သွင်း ကြော်ငြာခြင်းနှင့် ရေဒီယို သတင်းများတွင် ထည့်သွင်းခြင်းတို့ဖြင့် ကျယ်ကျယ် ပြန့်ပြန့် ဖြန့်ဝေရပါသည်။ Luz သည် တင်ဒါခေါ်ယူခြင်းကို ဖိလစ်ပိုင် ကုမ္ပဏီများအတွက်သာ ကန့်သတ်ထားခဲ့ခြင်းအား ကမ္ဘာ့ဘဏ်၏ လမ်းညွှန်သတ်မှတ်ချက်များဖြင့်အညီ ပြင်ဆင်၍ နိုင်ငံတကာမှ ထုတ်ဝေသူများကိုပါ ပါဝင်လာစေရန် တိုးချဲ့ခဲ့သည်။ "ခင်ဗျားက နိုင်ငံတကာ ကုမ္ပဏီတစ်ခုက ဆိုရင်၊ DepEd ထဲမှာ ခင်ဗျားရဲ့ အတွင်းလူ မရှိဖို့များပါတယ်။" ဟု Luz ကပြောသည်။ "ဒါကြောင့်လည်း သူတို့ရဲ့ ဈေးနှုန်းတွေက အရင်တုန်းက တင်သွင်းသူတွေထက်စာရင် ပိုပြီး သက်သာလေ့ ရှိတယ်။" ဟု ဆိုသည်။ စင်္ကာပူ၊ တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံများမှ လျှောက်ထားသူများ ပါဝင်လာသည့်နှင့်အတူ အဆိုဈေးနှုန်းများမှာလည်း သိသိသာသာပင် ကျဆင်းသွားခဲ့ ပါသည်။ ကုမ္ပဏီများက အဆိုဈေးနှုန်းများအဖြစ် ဖတ်စာအုပ် တစ်အုပ်လျှင် ၃၅ ပီဆိုမှ ၃၆ ပီဆိုနှုန်းများဖြင့် ကမ်းလှမ်းခဲ့ကြသည်။ ၎င်းသည် ယခင် ၂၀၀၁ ခုနှစ်မှ ပျမ်းမျှ ဈေးနှုန်းဖြစ်သည့် ၉၀ ပီဆို၏ ထက်ဝက်မက လျှော့နည်း သွားခြင်းဖြစ်သည်။

တင်ဒါများကို နိုဝင်ဘာ ၂၀၀၂ တွင် ဖွင့်ဖောက်သည့် အခါတွင်၊ Luz က တက်ရောက်လာသူများမှ ဖွင့်ဖောက်စီစစ်ရွေးချယ်မှုကို အလွယ်တကူ လေ့လာ ကြည့်ရှုနိုင်ရန်အတွက် အခန်းတစ်ခု ကို ပြင်ဆင်ပေးခဲ့ပါသည်။ ထို့အပြင်သူက ဖွင့်ဖောက်ပွဲ တစ်ခုလုံးကိုလည်း ဗီဒီယိုရိုက်ပြီး မှတ်တမ်းတင်ထားခဲ့ပါ သည်။ အခန်း၏ အရှေ့မျက်နှာစာဘက်တွင် တင်ဒါ စီစစ် ရွေးချယ်ရေးကော်မတီ အဖွဲ့ဝင်များက ထိုင်ပြီး တင်ဒါလျှောက်လွှာများကို ဖွင့်ဖောက်ပါသည်။ စောင့် ကြည့်လေ့လာသူ အန်ဂျီအိုအဖွဲ့များ၊ ပုံနှိပ်ထုတ်ဝေ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ် အရာရှိများနှင့် အခြား တက်ရောက်လာသူများက အခန်း၏ အခြား တစ်ဖက်တွင် ထိုင်ပါသည်။ ပုံနှိပ်ထုတ်ဝေသူများအား မေးခွန်းမေးမြန်းခွင့်၊ ဖြေဆိုခွင့်ပေးထားပါသည်။ သို့သော်လည်း ၎င်းတို့ကို ကော်မတီအဖွဲ့၏ စားပွဲ အနီးသို့ သွားရောက်ခွင့် မပြုပါ။

လျှောက်ထားသူများ၏ စာရွက် စာတမ်းများကို ကော်မတီက စစ်ဆေးအတည်ပြုပြီးနောက်၊ ကော်မတီ အဖွဲ့ဝင်တစ်ဦးက လျှောက်ထားသူ၏ အဆိုပြုဈေးနှုန်းကို ကြေညာပေးသည်။ DepEd အရာရှိတစ်ဦးက ဈေးနှုန်းကို စာရွက်ပေါ်တွင် မှတ်သားပြီး အခြားတစ်ဦးက ကွန်ပြူတာ စာရင်းသို့ ရိုက်သွင်းပါသည်။ ထို့နောက် အဆိုဈေးနှုန်းကို တရားဝင်ဖြစ်စေရန် ထုတ်ဝေသူကလက်မှတ် ရေးထိုးပေးသည်။ ထိုသို့ ဆောင်ရွက်ပြီးစီးသွားပါက DepEd အဖွဲ့က နှုန်းထား အချက်အလက်စာရင်း စာရွက် မိတ္တူကို ထုတ်ဝေသူ ၄၀ ဦး နှင့် အခြား တက်ရောက်လာသူများသို့ ဖြန့်ဝေပေးပါသည်။ အဆိုနှုန်းထားများအား

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

နောက်တွင် ထပ်မံပြင်ဆင်မှု မပြုနိုင်ရန် ဖြစ်သည်။ Luz က လေ့လာစောင့်ကြည့်သူ အန်ဂျီအိုများအား တင်ဒါ စီစစ်ရွေးချယ်ရေး ကော်မတီမှ အောင်မြင်သည့် လျှောက်လွှာများကို ရွေးချယ်ပေးသည့် အဆင့်ဆင့် ဆွေးနွေးဆုံးဖြတ်မှုများကိုလည်း တက်ရောက် ကြည့် ရှုရန် ဖိတ်ခေါ်ခဲ့သည်။ လအနည်း ငယ် ကြာပြီးနောက် ကန်ထရိုက်စာချုပ်များ ပေးအပ် ချီးမြှင့် ခြင်းကိုလည်း အန်ဂျီအိုများက ဆက်လက် စောင့်ကြည့် မှတ်သား ပေးခဲ့သည်။

ကန်ထရိုက်စာချုပ်များ ပေးအပ်ချီးမြှင့်ခြင်း မပြုမီတွင် Luz သည် ဖတ်စာအုပ် အရည်အသွေး ဆိုင်ရာ ပြဿနာများကိုလည်း ကိုင်တွယ် ဖြေရှင်းခဲ့ သည်။ ဖတ်စာအုပ်အရည်အသွေး စစ်ဆေး အကဲဖြတ် ခြင်းအတွက် အဓိက တာဝန်ရှိသော IMCS သည် စာအုပ်ပါ အကြောင်းအရာကို စစ်ဆေးကြည့်ရှုရန် အတွက် single-level process ဟု ခေါ်သည့် အကဲဖြတ်မှု အဆင့်တစ်ဆင့်သာ ပါဝင်သည့် နည်းစနစ် တစ်ခုကို အသုံးပြုခဲ့သည်။ IMCS မှ ဝန်ထမ်းများသည် ဘာသာရပ်နှင့် ဘာသာစကား ကျွမ်းကျင်သူများကို စာချုပ်ဖြင့် ပုံမှန်ငှားရမ်း၍ နှစ်ရက် သို့မဟုတ် သုံးရက်ကြာသည့် ပြန်လည် သုံးသပ်ပွဲ (retreat) အတွင်း အကဲဖြတ်စစ်ဆေး စေပါသည်။ ထို့နောက် IMCS သည် အကဲဖြတ် စစ်ဆေးသူများ၏ မှတ်ချက်များနှင့် အကြံပြု ထောက်ခံချက်များကို တင်ဒါ စီစစ်ရွေးချယ်ရေး ကော်မတီသို့ ပေးပို့ပါသည်။ ကော်မတီက ထိုအချက် အလက်များအား တင်ဒါ ရွေးချယ် ဆုံးဖြတ်ရာတွင် အသုံးပြုပါသည်။ Luz က "ကျွန်တော်ကြားဖူးထားတာက အရင်တုန်းကဆိုရင် ပုံနှိပ် ထုတ်ဝေသူတွေဟာ ဖတ်စာအုပ်တွေရဲ့ အရည် အသွေးအကဲဖြတ်စစ်ဆေးပွဲ ပြုလုပ်တဲ့ နေရာကို ကြံဖန် အကြောင်းပြပြီး လာရောက်လေ့ ရှိပါတယ်။" ဟု ပြောသည်။ ပုံနှိပ်ထုတ်ဝေသူများသည် အဆိုပါ အကဲဖြတ်သုံးသပ်ပွဲ (retreat) ပြုလုပ်သည့် နေရာ ဌာနတွင် အကဲဖြတ်စစ်ဆေးသူများအပေါ် လွှမ်းမိုးနိုင် ရန် ကြိုးစားလေ့ရှိပါသည်။ ဤပြဿနာကို သတိထား မိသဖြင့် Luz က IMCS အား အကဲဖြတ်သုံးသပ်ပွဲ (retreat) ကို အဝေးတစ်နေရာတွင် ပြုလုပ်ရန် ညွှန်ကြားခဲ့သည်။ ထို့အပြင် အကဲဖြတ်သုံးသပ်ပွဲ၌ လာရောက် စောင့်ကြည့်လေ့လာရန် အန်ဂျီအိုများကို လည်း ဖိတ်ကြားခဲ့သည်။

*ပို့ဆောင်ဖြန့်ဝေမှု လုပ်ငန်းစဉ်ကို မြှင့်တင်ခြင်း*
*(Enhancing the delivery process)*

ဝယ်ယူရေးနှင့် IMCS အဖွဲ့များ၏ အကူအညီ ဖြင့် Luz သည် အထက်တန်းကျောင်းများနှင့် ခရိုင်ရုံး များသို့ စာအုပ်များ ပို့ဆောင်ရန် အသေးစိတ် အချိန် ဇယား တစ်ခုကို ရေးဆွဲခဲ့သည်။ "ပို့ဆောင်မှုတွေ အား လုံးကို ကြိုတင်ခန့်မှန်းလို့ရအောင် လုပ်ဖို့လိုပါတယ်။" ဟု Luz က ပြောသည်။ "ဒါကြောင့် ကျွန်တော်တို့က ပုံနှိပ်ထုတ်ဝေသူ၊ ပေးသွင်းသူ အားလုံးအတွက် တစ်ခု တည်းသော အချိန်ဇယားကို သတ်မှတ်ခဲ့တယ်။ အဲဒီ လိုလုပ်ခြင်းအားဖြင့် ဖတ်စာအုပ် ဝယ်ယူမှု လုပ်ငန်း စက်ဝန်း (procurement cycle) တစ်ခုလုံးကို ၁၈ လ အတွင်းမှာ ပြီးစီးအောင် လုပ်ဆောင်နိုင်မှာ ဖြစ်ပါ တယ်။ လ ၂၈ မကြာတော့ပါ ဘူး။ ကျောင်းသုံးဖတ်စာ အုပ် ဝယ်ယူခြင်းဟာ ကြီးမားတဲ့ ဝယ်ယူမှု တစ်ခုဖြစ်ပြီး နှစ်စဉ် ဆောင်ရွက်ရတဲ့ ကိစ္စဖြစ်တာကြောင့်၊ စာအုပ် ဝယ်ယူပို့ဆောင်မှု တစ်နှစ်တာ လုပ်ငန်း စက်ဝန်း ကို သီးသန့် ရေးဆွဲသတ်မှတ်ထားနိုင်မယ်ဆိုရင် အသုံးပြု သူတွေ ဖြစ်တဲ့ ကျောင်းတွေနဲ့ ကျောင်းသားတွေဟာ ဘာကို မျှော်ရမလဲ သိနိုင်မှာ ဖြစ်တယ်။ ဆိုလိုတာက တစ်နှစ်တာရဲ့ ဘယ်အချိန်မှာ သူတို့လက်ထဲ ဖတ်စာ အုပ် အသစ်တွေ ရောက်လာမလဲ ဆိုတာကိုပေါ့။ တစ်နှစ်တာ စက်ဝန်းတွေက ထပ်နေ မယ်ဆိုရင် ဝယ်ယူမှု လုပ်ငန်းစဉ်မှာ ပုံမှန်မဟုတ်တဲ့ ကိစ္စတွေကို ဖုံးကွယ်ရတာ ပိုလွယ်စေတဲ့အပြင်၊ အသုံးပြုသူတွေ ကိုလည်း အမှန်တကယ် ဝယ်ပို့တာနဲ့ တကယ် ရရှိရမှာ ဖြစ်တဲ့ ဖတ်စာအုပ် အရေအတွက်တွေနဲ့ ပတ်သက်ပြီး နားလည်မှုတွေ ရှုပ်ထွေးစေနိုင်ပါတယ်။" ဟု ဆိုသည်။

Luz နှင့် သူ၏ အဖွဲ့သည် နိုင်ငံအား (၁) Visayas၊ (၂) မနီလာ မြို့တော်၏ တောင်ဘက်ပိုင်းနှင့် မနီလာမြို့တော်၊ (၃) မနီလာမြို့တော်၏ မြောက်ဘက်

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ပိုင်း နှင့် (၄) မင်ဒါနာအို ဟူ၍ ဇုန် လေးခု ခွဲခဲ့ပြီး ဇုန် တစ်ခုစီ အတွင်းရှိ ခရိုင်များအားလုံးအတွက် အချိန် ဇယားတစ်ခု ရေးဆွဲခဲ့သည်။ ပုံနှိပ်ထုတ်ဝေသူများအား ခရိုင်တစ်ခုသို့ ပို့ဆောင်ရန် သုံးရက်မှ ငါးရက်အထိ လည်းကောင်း၊ မြို့တစ်မြို့သို့ ပို့ဆောင်ရန် သုံးရက် အဖြစ် လည်းကောင်း အချိန်သတ်မှတ်ပေးခဲ့သည်။ ထုတ်ဝေသူများအနေဖြင့် ဇုန်တစ်ခုအတွင်းမှ ခရိုင် သို့မဟုတ် မြို့တစ်မြို့သို့ သတ်မှတ်ပေးထားသည့် နေ့ရက်များထက် စော၍ သို့မဟုတ် နောက်ကျ၍ ပို့ဆောင်ခြင်းကို ခွင့်မပြုပါ။ Luz က "အကြောင်း အရင်းကတော့ ကျောင်းတိုင်းမှာ စောင့်ကြည့်သူတွေ ထားချင်လို့ပါ။ ဒါပေမယ့် ကျွန်တော်တို့က ပို့ဆောင်မှု ကို စောင့်ကြည့်ပေးဖို့ စေတနာ့ဝန်ထမ်းတွေ ခန့်အပ် မယ်ဆိုရင်၊ ရောက်ရှိရမယ့် စာအုပ်အရေအတွက်နဲ့ စာအုပ်ခေါင်းစဉ်၊ ပေးသွင်းသူ (suppliers) တွေရဲ့ အမည်တွေနဲ့ ပို့ဆောင်ရမယ့် ရက်စွဲတွေ စတဲ့ အချက် အလက်တွေကို သူတို့တွေကို အသိပေးအကြောင်း ကြားထားရမှာဖြစ်ပါတယ်။ ကျောင်းသားမိဘတွေ၊ ရပ်ရွာ ပြည်သူတွေ ဒါမှမဟုတ် အန်ဂျီအို ဝန်ထမ်းတွေ ကို သူတို့ရဲ့ ကျောင်းတွေမှာ ရောက်ရှိလာမယ့် စာအုပ်တွေကို အသင့် စောင့်ဆိုင်းပေးစေချင်တယ် ဆိုရင် အခု ပြောတဲ့ အရာတွေအားလုံးကို ပံ့ပိုးပေးနိုင်ဖို့ လိုအပ်ပါ တယ်။

၂၀၀၃ ခုနှစ် အစောပိုင်းတွင်၊ တင်ဒါ စိစစ်ရွေး ချယ်ရေး ကော်မတီက ပုံနှိပ် ထုတ်ဝေသူများ အစုအဖွဲ့ ၆ ခု ကို ရွေးချယ်ခဲ့သည်။ သို့သော်လည်း ကန်ထရိုက် စာချုပ် မချုပ်ဆိုမီတွင်၊ Luz က ရွေးချယ်ခံထားရသည့် ပုံနှိပ်ထုတ်ဝေသူများအား ပို့ဆောင်မှု အချိန်ဇယားကို တင်ပြခဲ့ပြီး၊ ၎င်းတို့၏ ပစ္စည်းပို့ဆောင်ရေး ကုမ္ပဏီများ အနေဖြင့် ဇွန်လမှ အောက်တိုဘာအထိ ဖတ်စာအုပ် များကို ပို့ဆောင်ပေးရမည် ဖြစ်ကြောင်း အသိပေးခဲ့ သည်။

ပုံနှိပ်ထုတ်ဝေသူများက Luz ၏ အဆိုပြုချက် ကို တင်းခံငြင်းဆိုခဲ့ကြပြီး အချို့ဆိုလျှင် ဦးစီးဌာနအား တရားစွဲဆိုမည်ဟုပင် ခြိမ်းခြောက်ခဲ့ကြသည်။ Carpentero က ထို အစည်းအဝေးအကြောင်းကို - "အဲဒီမှာ တကယ့်စိန်ခေါ်မှုကို ကြုံရတဲ့ အချိန်ကတော့ လွယ်ကူရှင်းလင်းအောင် ပြင်ဆင်ရေးဆွဲထားတဲ့ ပို့ဆောင်မှု အစီအစဉ်ကို ပေးသွင်းသူ (suppliers) တွေက မကျေမချမ်း ဒေါသဖြစ်ကြတဲ့အခါမှာပါ။"ဟု ပြန်လည်ပြောပြ ပါသည်။ သို့သော်လည်း Luz က အလျှော့မပေးဘဲ ပို့ဆောင်မှုများကို သတ်မှတ် အချိန် ဇယားအတိုင်း ဆောင်ရွက်ရမည်ဟု တောင်းဆိုခဲ့သည် ။ ပို့ဆောင်မှုများကို စစ်ဆေးအတည်ပြုပေးမည့် စောင့်ကြည့်ရေး အန်ဂျီအိုများအနေဖြင့် မည်သည့် အချိန် ရောက်မည်ကို ရေရေရာရာ မသိဘဲ စောင့်ကြည့် ပေးနိုင်မည်မဟုတ်ဟု သူက ခုခံပြောဆို ခဲ့သည်။ သူက ပုံနှိပ်ထုတ်ဝေသူများအား စနစ်သစ် တွင် ငွေပေးချေမှုကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်ပေးနိုင် မည်ဟုလည်း အာမခံ ပြောဆိုခဲ့သည်။ ယခင်က ပို့ဆောင်မှုများ ကို စစ်ဆေးခဲ့သည့် ဦးစီးဌာနမှ စစ်ဆေး ရေးမှူးများ ကဲ့သို့ ကြာမြင့်စွာ အချိန်ယူမည်မဟုတ်ဘဲ၊ စောင့်ကြည့်သူများသည် ပစ္စည်းပေးပို့သူများထံမှ ဖတ်စာအုပ်များ အရေအတွက် နှင့် အရည်အသွေး ပြည့်မီ မှန်ကန်စွာ ရရှိပါက ပြေစာများကို ချက်ခြင်း လက်မှတ် ရေးထိုး ပေးလိုက်မည် ဖြစ်သည်။ DepEd သည် ယင်းလက်မှတ်များအား ပို့ဆောင်မှုပြီးစီးသည့် သက်သေအဖြစ် လက်ခံရယူပြီး၊ မြန်မြန်ဆန်ဆန် ငွေပေးချေပေးမည် ဖြစ်သည်။ ပိုမိုမြန်ဆန်စွာ ငွေပေး ချေမည်ဟူသော မက်လုံးက ပုံနှိပ်ထုတ်ဝေသူ များကို ဆွဲဆောင်နိုင်ခဲ့ပြီး၊ သတ်မှတ် အချိန်ဇယားအတိုင်း ဆောင်ရွက်ပေးမည်ဟု နောက်ဆုံးတွင် သဘော တူညီ ခဲ့ကြသည်ဟု Carpentero က ပြောသည်။

*ပြင်ပအကူအညီရယူခြင်း (Enlisting outside help)*

ပို့ဆောင်မှုများကို စောင့်ကြည့်ရန်အတွက် စေတနာ့ဝန်ထမ်းများ စုဆောင်းနိုင်ရန်မှာ Luz ၏ ပြုပြင်ပြောင်းလဲရေးအတွက် ထပ်မံဆောင်ရွက်ရမည့် အစီအစဉ် ဖြစ်သည်။ G-Watch မှ Parafina က အန်ဂျီအို အဖွဲ့အစည်းအချို့သို့ ချဉ်းကပ်စည်းရုံးနေခဲ့ စဉ် တွင် Luz က ကြီးမားကျယ်ပြန့်သည့် စေတနာ့ ဝန်ထမ်း ကွန်ယက်ဖြင့် ဖွဲ့စည်းထားသည့် ရွေးကောက်

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ပွဲ စောင့်ကြည့်ရေး အဖွဲ့ဖြစ်သော Namfrel ခေါ် National Citizens’ Movement for Free Election အဖွဲ့သို့ ချဉ်းကပ်ရန် အဆိုပြုခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် တည်ထောင်ခဲ့သည့် Namfrel တွင် ဒေသဆိုင်ရာ အသင်းအဖွဲ့ ၁၀၃ ဖွဲ့ပါဝင်ပြီး နိုင်ငံ၏ ခရိုင်ပေါင်း ၈၀ စလုံးတွင် စေတနာ့ဝန်ထမ်း စုစုပေါင်း ၅၀၀၀၀၀ ခန့် ရှိပါ သည်။ ဖိလစ်ပိုင်နိုင်ငံရှိ အစိုးရစာသင်ကျောင်းများမှာ မဲရုံများတည်ရှိရာ ဖြစ်ပြီး၊ ဆရာများကလည်း မဲရုံ ဝန်ထမ်းအဖြစ် ဆောင်ရွက်ရသည် ဖြစ်သောကြောင့် Namfrel မှ စေတနာ့ဝန်ထမ်းများသည် ကျောင်း အများစုမှ ဆရာများ သို့မဟုတ် အရာရှိများဖြင့် ဆက်သွယ်ဆက်ဆံမှု ရှိပြီးသား ဖြစ်ပါသည်။

မတ်လ ၂၀၀၃ တွင် Luz သည် Namfrel မှ အမှုဆောင်ဒါရိုက်တာ Telibert Laoc ဖြင့် တွေ့ဆုံခဲ့ပြီး Textbook Count စီမံချက်တွင် Namfrel မှ ပါဝင်ဆောင်ရွက်ပေးရန် အကူအညီ တောင်းခဲ့သည်။ “Luz က ကျွန်တော်တို့မှာရှိနေတဲ့ ကွန်ယက်ကြီးဟာ အခြေခံအားသာချက်တစ်ခု ဖြစ်တယ် ဆိုတာ သိထားတော့ ကျွန်တော်ဆီ ချဉ်းကပ် လာခဲ့ပါတယ်။” ဟု Loac က ပြန်လည်ပြောပြပါသည်။ Laoc အနေဖြင့် ဖတ်စာအုပ် စီမံချက်ကို လက်ခံဆောင်ရွက်လိုသည့်တိုင်၊ Namfrel ၏ ဒေသဆိုင်ရာ အသင်းများမှ ခေါင်းဆောင်များအား ရွေးကောက်ပွဲများဖြင့် တိုက်ရိုက် သက်ဆိုင်မှု မရှိသည့် လုပ်ငန်းတစ်ရပ်တွင် ပါဝင်လာစေရန် အတွက် ဆွဲဆောင် စည်းရုံးရမည်ဦးမည် ဖြစ်ပါသည်။ “ကျွန်တော့်စာအုပ်များ၊ ကျွန်တော်ရဲ့ အနာဂတ်” ဟု ခေါင်းစဉ်ပေးထားသည့် ပေးစာတစ်စောင်ဖြင့် သူက ဤ ဖတ်စာအုပ် စီမံချက်၏ အရေးကြီးပုံကို မြှင့်ရေးသားခဲ့ပြီး၊ ပါဝင်ကူညီပံ့ပိုးပေးရန် မေတ္တာရပ်ခံခဲ့သည်။ ဒေသဆိုင်ရာ အသင်းအဖွဲ့ ၆၁ ဖွဲ့ ပါဝင်လာခဲ့ပါသည်။

Namfrel နှင့် အတူ G-Watch သည် အခြား ဒေသဆိုင်ရာနှင့် ဒေသန္တရအဖွဲ့ ခုနစ်ဖွဲ့ တို့ပါဝင်ပြီး Textbook Count စီမံချက်၏ ပထမနှစ်အတွက် အန်ဂျီအိုများ ပူးပေါင်းအဖွဲ့ ကို ဖွဲ့စည်းခဲ့သည်။

ကူညီပံ့ပိုးပေးမည့် ပူးပေါင်းအဖွဲ့ကိုဖွဲ့စည်းပြီးနောက် Luz သည် Texbook Count စီမံချက်နှင့် DepEd ၏ မိတ်ဖက် အဖွဲ့များအား အများပြည်သူ သိရှိအောင် ဆောင်ရွက်ခဲ့ပါသည်။ ရပ်ရွာပြည်သူများနှင့် စာသင်ကျောင်းများအား ဖတ်စာအုပ်များကို မကြာမီ ရရှိတော့မည် ဖြစ်ကြောင်း သူ၏ ဝန်ထမ်းများက ရေဒီယို သတင်းများမှတဆင့် အသိပေး အကြောင်းကြားခဲ့သည်။ DepEd သည် ပို့ဆောင်ဖြန့်ဝေမှု အချိန်ဇယားအား နိုင်ငံအဆင့်၊ ဒေသန္တရအဆင့်နှင့် ရပ်ရွာအဆင့် သတင်းစာ ၆၀ စောင် တွင် ထည့်သွင်းကြေညာ ခဲ့သည်။ အစိုးရစာသင်ကျောင်းများသို့ ပေးပို့စာများတွင် IMCS မှ ဝန်ထမ်းများသည် ပို့ဆောင်မည့် ရက်စွဲများ၊ ဖတ်စာအုပ် ခေါင်းစဉ်များ နှင့် ရရှိမည့် ဖတ်စာအုပ် အရေအတွက်များ ကို အသေးစိတ် ထည့်သွင်း ဖော်ပြခဲ့သည်။ “နောက်ဆုံးမှာတော့ ကျွန်တော်တို့က အထက်တန်းကျောင်း ၃၅၀၀ နဲ့ ခရိုင်ရုံး ၂၀၀၀ ကို စာတွေ ပေးပို့ခဲ့ရပါတယ်။” ဟု Luz က ပြန်ပြောပြပါသည်။

*အလုပ်တာဝန်များ ရှင်းလင်းမှု ရှိအောင်လုပ်ခြင်း (Clarifying roles)*

မေလ ၂၀၀၃ တွင် Parafina နှင့် Namfrel အဖွဲ့တို့သည် ဖတ်စာအုပ် စီမံချက် စောင့်ကြည့်သူများ၏ တာဝန်နှင့် ဝတ္တရားများကို ရေးဆွဲခဲ့သည်။ “Namfrel ရဲ့ ကျွမ်းကျင်မှုက ကျွန်တော်တို့အတွက် အကျိုးရှိစေခဲ့ပါတယ်။။ သူတို့က အောက်ခြေမှာ လုပ်ငန်း ဘယ်လို ဆောင်ရွက်ရမယ် ဆိုတာကို ကောင်းကောင်းသိတယ် လေ။” ဟု Parafina က ပြောသည်။ စောင့်ကြည့်သူများသည် ဖတ်စာအုပ်များ၏ အရေအတွက်နှင့် ရုပ်ပိုင်းဆိုင်ရာ အရည်အသွေး (physical quality) ကိုသာ စစ်ဆေးပေးရန် ဖြစ်ပြီး၊ စာအုပ်များ၏ ပါဝင်အကြောင်းအရာ (content) ကို ကြည့်ရန် မလိုပါ။ အကယ်၍ ဖတ်စာအုပ်များ၏ အရည်အသွေး မကောင်းမွန်ပါကလည်း စောင့်ကြည့်သူများ အနေဖြင့် ပေးပို့ပစ္စည်းကို ငြင်းပယ်ခြင်း မပြုရပါ။ ပို့ဆောင်ပစ္စည်းကို စစ်ဆေးပြီးနောက် စောင့်ကြည့်သူများက စစ်ဆေးမှုနှင့် လက်ခံရရှိမှု အစီရင်ခံစာ (Inspection and Acceptance Report) တွင်

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

လက်မှတ် ရေးထိုးပေးပြီး၊ အမှားအယွင်းများ၊ ကွာဟချက်များရှိပါက မှတ်ချက်ရေးသားပေးရမည် ဖြစ်သည်။

ထိုအစီရင်ခံစာများသည် လုပ်ငန်းစဉ်၏ အရေးကြီးသည့် အစိတ်အပိုင်း တစ်ခု ဖြစ်လာပါသည်။ သက်ဆိုင်ပါဝင်သူများအားလုံးမှ အစီရင်ခံစာ မိတ္တူကို ရရှိသည့်အတွက် နားလည်မှု လွဲခြင်းများ နှင့် ပဋိပက္ခများ လျော့ကျသွားခဲ့ပါသည်။ စောင့်ကြည့်သူများနှင့် စာသင်ကျောင်းအရာရှိများမှ အစီရင်ခံစာ တစ်စောင်ကို လက်မှတ်ရေးထိုးပြီးနောက်တွင် ပစ္စည်းပေးပို့သူက မူရင်းကို သိမ်းဆည်းပြီး၊ ကျောင်းတာဝန်ခံအရာရှိနှင့် စောင့်ကြည့်သူ စေတနာ့ဝန်ထမ်းတစ်ဦးမှ မိတ္တူ တစ်စောင်စီ ရရှိပါသည်။ ထို့နောက် မိတ္တူတစ်စောင်ကို စာသင်ကျောင်းမှ DepEd ဗဟိုရုံးသို့ ပေးပို့ပါသည်။ အစီရင်ခံစာကြောင့် "ပေးသွင်းသူ (supplier)၊ ပစ္စည်းပေးပို့သူတွေအတွက်က စောင့်ကြည့်သူ အဆင်သင့်ရှိနေပြီး လက်မှတ်ထိုးပေးမှပဲ သူတို့အတွက် အဆင်ပြေမှာလေ။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီလက်မှတ်ရမှသာ DepEd ကနေ ပေးချေငွေ မြန်မြန် ရရှိမှာ မို့လို့ပါ။" ဟု Parafina က ပြောသည်။

ပို့ဆောင်ဖြန့်ဝေမှုများ မစတင်မီ G-Watch သည် စေတနာ့ဝန်ထမ်းများအား အသေးစိတ် ညွှန်ကြားချက်များ ပေးပို့ခဲ့သည်။ Parafina သည် DepEd နှင့် Namfrel ဗဟိုရုံးတို့ဖြင့် ဆက်သွယ်ညှိနှိုင်းပြီး စေတနာ့ဝန်ထမ်းများသို့ စာရွက်စာတမ်းများ ပေးပို့ခဲ့ပါသည်။ ပေးပို့သည့် စာရွက်စာတမ်းများတွင် စောင့်ကြည့်သူများ၏ တာဝန်ဖော်ပြချက်များ၊ ပို့ဆောင်မှု အချိန်ဇယား၊ လက်မှတ်ထိုးရမည့် စစ်ဆေးမှု နှင့် လက်ခံရရှိမှု အစီရင်ခံစာ၊ နှင့် စေတနာ့ဝန်ထမ်းများအတွက် သက်သေခံကဒ်ပြားများ အသီးသီး ပါဝင်ပါသည်။ Parafina က "ကျွန်တော်တို့ယူဆတာက Namfrel ရဲ့ ဒေသဆိုင်ရာ အသင်းအဖွဲ့ ဆက်သွယ်ညှိနှိုင်းရေးမှူး တွေက ကျောင်းတွေမှာ တာဝန်ချထားဖို့ စေတနာ့ဝန်ထမ်းတွေကို သူတို့ကိုယ်တိုင် ရွေးချယ်ဖို့ပါ။ သူတို့လူတွေဆီ အချက်အလက်စာရွက်စာတမ်းတွေ ဖြန့်ဝေတာကို သူတို့ကပဲ လုပ်မှာပါ။" ဟု ဆိုသည်။

*ပစ္စည်းသိုလှောင်ရုံ စစ်ဆေးမှုများ ဆောင်ရွက်ခြင်း*

*(Conducting warehouse inspections)*

စေတနာ့ဝန်ထမ်းများရရှိလာပြီ ဖြစ်သည့်အတွက်၊ G-Watch သည် ဖတ်စာအုပ်များ ပုံနှိပ်၊ ထုပ်ပိုးလျက် ရှိစဉ်တွင် ကုန်ပစ္စည်း သိုလှောင်ရုံများအား စစ်ဆေးခြင်းကို DepEd ဖြင့် ဆက်သွယ်ညှိနှိုင်း၍ ဆောက်ရွက်ခဲ့ပါသည်။ ဦးစီးဌာနအရာရှိများ၊ G-Watch၊ Namfrel နှင့် ရပ်ရွာ စေတနာ့ ဝန်ထမ်းများသည် ဖတ်စာအုပ်များ၏ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးကို စစ်ဆေးခဲ့ကြခြင်းဖြစ်သည်။ စေတနာ့ဝန်ထမ်းများက ပုံနှိပ်အမှားများ၊ ထပ်နေသည့် စာမျက်နှာများ၊ ဗလာ ဖြစ်နေသည့် စာမျက်နှာများ နှင့် ပါမလာသည့် စာမျက်နှာများကို သေချာ ကြည့်ရှုစစ်ဆေးခဲ့ကြပါသည်။ ထို့နောက် DepEd က ပုံနှိပ်ထုတ်ဝေသူများအား စစ်ဆေးတွေ့ရှိသည့် ချို့ယွင်းချက်များကို ပို့ဆောင်မှု မပြုမီ ပြုပြင်ရန် ညွှန်ကြားခဲ့သည်။

Luz က "G-Watch အဖွဲ့က တိတိကျကျ လုပ်ပါတယ်။ တစ်ခါမှာဆိုရင် ပုံနှိပ်ထုတ်ဝေသူ တစ်ဦးက ကျွန်တော့်ကို လှမ်းဖုန်းဆက်ပြီး ငိုကြီးချက်မ နီးပါး ပြောပါတယ်။ ကုမ္ပဏီက ဒေသတစ်ခုကို ပို့ဆောင်ဖို့ ဖတ်စာအုပ် ၁၀၀,၀၀၀ ပုံနှိပ် ပြီးသား ဖြစ်နေတဲ့အချိန်မှာ၊ စစ်ဆေးရေးအဖွဲ့က သူတို့စက်ရုံကို ရောက်လာပြီး စာအုပ်တွေကို စစ်ဆေးပါတယ်။ သူတို့က စာအုပ်တွေကို မြန်မြန်ပြီးအောင် အလောသုံးဆယ် ချုပ် (binding) ထားတာကြောင့်၊ စစ်ဆေးသူတွေက စာအုပ်အထုပ်တွေကို ဖွင့်ပြီး စာရွက်တွေကို လှန်လှော ကြည့်တဲ့အခါမှာ စာရွက်တွေ ပြုတ်ထွက် ကုန်ပါတယ်။ စာအုပ်အထုပ်တွေ တစ်ထုပ်ပြီး တစ်ထုပ် ဖွင့်ဖောက်ကြည့် ပြီးတဲ့နောက်မှာ ဂိုဒေါင်ကြမ်းပြင် တစ်ခုလုံး စာအုပ်တွေကနေ ပြုတ်ထွက်ကုန်တဲ့ စာရွက်တွေနဲ့ ပြည့် နေတော့တာပေါ့ဗျာ။ သိတဲ့အတိုင်းပေါ့ဗျာ၊ အဲ့ဒီ စာအုပ်တွေ အကုန်လုံးကို လက်မခံခဲ့ပါဘူး" ဟု ပြောပြသည်။ နောက်ဆုံးတွင် ပုံနှိပ် ထုတ်ဝေသူက မပို့ဆောင်မီ

© 2014, Trustees of Princeton University

ဖတ်စာအုပ်များကို ပြန်လည် ပြုပြင်ချုပ်လုပ်ပေး ခဲ့ပါသည်။

### *သင်တန်းပေးခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း (Training and communicating)*

၂၀၀၃ ခုနှစ် မေလ နှင့် ဇွန်လ တို့တွင် G-Watch သည် Namfrel မှ ဒေသဆိုင်ရာ အသင်းအဖွဲ့ အကြီးအကဲများနှင့် အခြား မိတ်ဖက် အန်ဂျီအိုများအား လုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်း မိတ်ဆက်ပွဲများကို စီစဉ်ခဲ့သည်။ DepEd မှ အရာရှိများနှင့် Parafina တို့က စေတနာ့ဝန်ထမ်းများနှင့် ကျောင်းတာဝန်ခံများ အား စီမံချက်နှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြရန် နှင့် စောင့်ကြည့်၊ အစီရင်ခံမှု ဆိုင်ရာ သင်ကြားပို့ချပေးရန် အစီအစဉ် နှစ်ကြိမ်ခွဲ၍ ဆောင်ရွက်ခဲ့သည်။ ဒေသဆိုင် ရာ အသင်းအဖွဲ့ ခေါင်းဆောင်များအနေဖြင့် ၎င်းတို့ သက်ဆိုင်ရာ နယ်မြေမှ ဒေသခံ စေတနာ့ ဝန်ထမ်းများ အား ရရှိသည့် သတင်းအချက်အလက်များကို ပြန် လည် ဖြန့်ဝေ ပေးရမည် ဖြစ်သည်။ Parafina က သူ့ အနေဖြင့် ရှုပ်ထွေးခက်ခဲမှု မရှိသည့် လုပ်ထုံးလုပ်နည်း များ ဖြစ်စေချင်ခဲ့သည် ဟု ပြန်လည်ပြောပြသည်။ "အစကတည်းက စပြီး ကျွန်တော်တို့က ပြောခဲ့ပါ တယ်။ စေတနာ့ဝန်ထမ်းတွေ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ဟာ ရိုးရှင်းလွယ်ကူရမယ်လို့။ ညွှန်ကြား ချက်တွေကို ဖတ်ကြည့်လိုက်ရုံနဲ့တင် လုပ်နိုင်တဲ့အထိ ရိုးရှင်းလွယ်ကူရပါမယ်" ဟုဆိုသည်။

Parafina က Namfrel မှ စေတနာ့ဝန်ထမ်း များအား ရောက်ရှိပြီးစီးသည့် ပို့ဆောင်မှုများကို ၎င်းတို့ ၏ နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ညှိနှိုင်းရေးမှူးများသို့ ဖုန်းဖြင့်ဖြစ်စေ၊ ဖုန်းစာတို (text messages) ဖြင့် ဖြစ်စေ အစီရင်ခံစေပြီး၊ စာဖြင့်လည်း ရေးသား ပေးပို့ ရန် ညွှန်ကြားခဲ့ပါသည်။ Namfrel မှ စောင့်ကြည့်သူ များသည် စစ်ဆေးမှုနှင့် လက်ခံရရှိမှု အစီရင်ခံစာ (Inspection and Acceptance Report) ၏ မိတ္တူများကိုလည်း ၎င်းတို့၏ ဒေသဆိုင်ရာ အသင်း အဖွဲ့ အကြီးအကဲများထံသို့ တင်သွင်းရမည် ဖြစ်သည်။ ဒေသဆိုင်ရာ အသင်းများက အဆိုပါမိတ္တူများအားလုံး ကို ၎င်းတို့နယ်မြေများအတွင်းရှိ ကျောင်း အသီးသီးမှ ရယူ စုစည်းပြီး Namfrel ဗဟိုရုံးသို့ ပေးပို့ပါသည်။ ထို့နောက်တွင် G-Watch က လက်ခံမိတ္တူများအား စုစည်း၍ ရလဒ်များအား DepEd သို့ တင်ပြပါသည်။

ဆက်သွယ်ဆောင်ရွက်မှု လမ်းကြောင်းများ ကို စနစ်တကျ စီစဉ်ခဲ့ပါသည်။ ပို့ဆောင်ရာတွင် နှောင့် နှေးကြန့်ကြာမှုများရှိနိုင်သည်ကို ကြိုတင်မျှော်မှန်းထား ပြီး G-Watch သည် ပစ္စည်းပို့ဆောင်ရေး ကုမ္ပဏီများ ၏ ဖုန်းနံပါတ်များကို Namfrel သို့ ပေးထားခဲ့သည်။ မနီလာရှိ Namfrel အဖွဲ့က ထိုအချက်အလက်များ ကို စေတနာ့ဝန်ထမ်းများသို့ ဆက်လက် ပေးပို့ခဲ့ပါသည်။ ထို့မှသာ စေတနာ့ ဝန်ထမ်းများသည် မိမိတို့ နယ်မြေသို့ တာဝန် ကျသည့် ပစ္စည်းပို့ဆောင်သူများကို တိုက်ရိုက် ဆက်သွယ်ညှိနှိုင်း နိုင်မည် ဖြစ်သည်။ DepEd မှ IMCS အဖွဲ့ကလည်း ကျောင်းတာဝန်ခံ အရာရှိများသို့ ပစ္စည်းပို့ဆောင်သူများ၏ ဖုန်းနံပါတ်များ ကို ပေးပို့ထားခဲ့ပါသည်။ IMCS ၏ ညွှန်ကြားမှူး ဖြစ်သူ Socorro Pilor က "သက်ဆိုင်ပါဝင်သူ အားလုံးနဲ့ ပွင့်လင်းတဲ့ ဆက်သွယ်မှု လမ်းကြောင်းတွေ ထားရှိခဲ့ ပါတယ်" ဟု ပြောသည်။

### *ပို့ဆောင်မှုကို စောင့်ကြည့်စစ်ဆေးခြင်း (Monitoring delivery)*

၂၀၀၃ ခုနှစ် ဇွန်လတွင် ပစ္စည်းပို့ဆောင်သူ များ (forwarders) သည် ဖုန်လေးခု၌ အသေးဆုံးဖြစ် သည့် Visayas ဒေသသို့ ကျောင်းသုံးဖတ်စာအုပ်များ ကို ပထမဦးဆုံး အဖြစ် စတင်ပို့ဆောင်ခဲ့ပါသည်။ ပို့ဆောင်မှုများ ပြီးစီးခဲ့ပြီးနောက် DepEd အရာရှိများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ ပစ္စည်းပို့ဆောင်သူများ နှင့် စောင့်ကြည့်ရေး အန်ဂျီအို အဖွဲ့များသည် ပထမ အချီ ပို့ဆောင်မှု(first round) ကို ဆန်းစစ်အကဲဖြတ်ရန် တွေ့ဆုံ စည်းဝေးခဲ့ပါသည်။ စစ်ဆေးမှုနှင့် လက်ခံရရှိမှု အစီရင်ခံစာများမှရရှိသည့် ကိန်းဂဏန်း အချက် အလက်များအရ ပို့ဆောင်မှု ၁၄% တွင် လိုအပ်ချက် များ ရှိနေသည်ကို DepEd နှင့် G-Watch မှ ဝန်ထမ်းများက တွေ့ရှိခဲ့ပါသည်။ စောင့်ကြည့်သူများ

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

က စာမျက်နှာ အပြည့်အစုံ မပါဝင်ခြင်း သို့မဟုတ် လျော့တိလျော့ရဲ ချုပ်ထားခြင်း တို့ကို အစီရင်ခံခဲ့ကြပြီး၊ ရရှိရမည့် အရေအတွက်ထက် လျော့နည်းနေသည့် ဖြစ်ရပ်များကိုလည်း မှတ်ချက်ပြုခဲ့ကာ၊ မှာကြားမှုမရှိသော အခြားစာအုပ်များ မှားယွင်းရောက်ရှိလာခြင်းများကိုလည်း ရှာဖွေ တင်ပြနိုင်ခဲ့သည်။ Luz က "ပုံနှိပ်ထုတ်ဝေသူတွေကို ကျွန်တော်တို့ ပေးတဲ့ သတိပေးစကားကတော့ သူတို့နဲ့ သူတို့ရဲ့ ပို့ဆောင်မှုတွေကို ကျွန်တော်တို့က စောင့်ကြည့် နေတယ် ဆိုတာရယ်၊ တစ်ခုချင်း၊ တစ်ခုချင်းမှာ အမှားပါသွားတာဖြစ်ဖြစ်၊ ပို့ဆောင်မှု တစ်ခုလုံး မှားယွင်းတာပဲဖြစ်ဖြစ် ဘယ်လိုနည်းနဲ့ မှားယွင်းတာဖြစ်ပါစေ ၁၄% ချို့ယွင်းချက်ရှိနေတာဟာ လက်ခံနိုင်ဖွယ်ရာ မဟုတ်ဘူး ဆိုတာကိုပေါ့။" ဟု ပြောသည်။ ပစ္စည်းပို့ဆောင်သူများမှ ဇွန် - ၄ သို့ ပို့ဆောင်သည့် အချိန်ရောက်သောအခါတွင် ပို့ဆောင်မှု အမှားအယွင်းများမှာ ထိုဇွန်တွင် ၅.၅% သို့ လျော့ကျသွားခဲ့သည်ဟု Luz က ဆိုပါသည်။

ပို့ဆောင်မှုများအတွင်း၌ ဆက်သွယ်ညှိနှိုင်းမှုဆိုင်ရာ ပြဿနာများ (coordination problems) ဖြစ်ပေါ် ခဲ့ပါသည်။ ဖြစ်ရပ်များစွာတွင် စောင့်ကြည့်သူများသည် (၁) ပို့ဆောင်မှုများ နောက်ကျနေပါက (၂) ကျောင်းစာသင်ချိန်များ နောက်ပိုင်းတွင် ဖြစ်ပါက သို့မဟုတ် (၃) စနေ၊ တနင်္ဂနွေရက်များတွင် ဖြစ်ပါက လာရောက်လေ့ မရှိခဲ့ကြသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံတွင် ပစ္စည်းပို့သူများသည် ပစ္စည်း သွားရောက်ပို့ဆောင်ချိန်တွင် စောင့်ကြည့်သူများ သို့မဟုတ် ကျောင်းတာဝန်ခံအရာရှိများ လာရောက်မှုမရှိကြောင်း IMCS သို့ အသိပေး အကြောင်းကြားခဲ့ရပါသည်။ IMCS က ကျောင်းတာဝန်ခံအရာရှိများဘက်ကို ဖြေရှင်းခဲ့ပြီး၊ စောင့်ကြည့်သူများဖြစ်ပါက G-Watch က ဖြေရှင်းဆောင်ရွက်ခဲ့ရပါသည်။ Parafina က "ကျွန်တော်တို့က တတ်နိုင်သမျှ ဝင်ရောက်စွက်ဖက်မှု အနည်းဆုံးဖြစ်ဖို့ ဆုံးဖြတ်ထားတာပါ။ အရေးကိစ္စတွေဖြစ်လာရင် ကိုင်တွယ်ဖြေရှင်းဖို့ စနစ်တကျ အစီအစဉ်ချထားတာလည်း မရှိဘူးလေ။ အရေးကိစ္စ တစ်ခု ထပ်ဖြစ်မလာမချင်း ဒီတိုင်းပဲနေပြီး ဖြစ်လာတော့မှပဲ တုံ့ပြန်ဆောင်ရွက်ပါတယ်။" ဟု ပြောသည်။

အချို့သော စာသင်ကျောင်းများတွင် ကျောင်းအုပ်ကြီးများသည် စောင့်ကြည့်သူများအပေါ် မယုံသင်္ကာဖြစ်ကြပြီး၊ ၎င်းတို့ လာရောက် စောင့်ကြည့်စစ်ဆေးခြင်းကို စိတ်ဆိုးမာန်ဆိုး ဖြစ်ခဲ့ကြသည်။ "စီမံချက် အကောင်အထည်ဖော်တဲ့ ကနဦးကာလတုန်းက တစ်ချို့ကျောင်းအုပ်ကြီးတွေဟာ စာအုပ် ပို့ဆောင်မှုတွေကို စစ်ဆေးတဲ့ နေရာမှာ အရပ်ဘက် လူမှုအဖွဲ့အစည်း စေတနာ့ဝန်ထမ်းတွေပါဝင်လာတာ ကို သိပ် လက်မခံချင်ဘူး ဖြစ်နေတယ်။ သူတို့က သူတို့ရဲ့ ဆောင်ရွက်ချက်ကို စောင့်ကြည့်စစ်ဆေးခံနေရတယ်လို့ ထင်မြင်ယူဆခဲ့ကြတယ်။" ဟု Pilor က ပြောသည်။ ထိုသို့သော အခြေအနေများတွင် IMCS သည် စောင့်ကြည့်သူများမှာ ဖတ်စာအုပ် တင်သွင်းသူများ (suppliers)၏ ဆောင်ရွက်ချက်ကို စစ်ဆေးအကဲဖြတ်ရန် လာရောက်ခြင်းသာ ဖြစ်ကြောင်း ကျောင်းအာဏာပိုင်များအား အာမခံ ပြောဆိုပေးခဲ့ရသည်။ (Texbook Count စီမံချက် -၂ အတွင်းတွင် ကျောင်းအာဏာပိုင်များသည် စီမံချက်ဖြင့် အကျွမ်းတဝင်ရှိလာခဲ့သောကြောင့် အတိုက်အခံဖြစ်ခြင်းများ ပျောက်ကွယ်သွားခဲ့ပါသည်။)

### *ရလဒ်များကို တိုင်းတာခြင်း (Measuring results)*

၂၀၀၃ ခုနှစ် နိုဝင်ဘာလ သို့ ရောက်ချိန်တွင် G-Watch နှင့် Namfrel တို့သည် ပို့ဆောင်မှု နေရာ ၅၆၁၃ ခု၏ ၆၅% အတွက် ဒေသခံ စောင့်ကြည့်သူများ အောင်မြင်စွာ စုစည်း စည်းရုံး နိုင်ခဲ့သည်။ ထိုနေရာများတွင် အထက်တန်းကျောင်း ၃၅၃၂ ကျောင်း နှင့် ခရိုင်ရုံး ၂၀၈၁ ရုံး တိုပါဝင်ပါသည်။

၂၀၀၄ ခုနှစ် မတ်လတွင် DepEd မှ ဝန်ထမ်းများနှင့် G-Watch တို့ ပူးပေါင်း၍ စီမံချက် အကဲဖြတ်သုံးသပ်မှု တစ်ခု ကို ပြုလုပ်ခဲ့ကြသည်။ အစည်းအဝေးတွင် စောင့်ကြည့်သူများက နောက်အဆင့် ပို့ဆောင်မှုများအတွက် လုပ်ငန်းစဉ်ကို ပိုမိုလွယ်ကူရှင်းလင်းစေမည့် အကြံပြု တိုက်တွန်းချက်များ ပေးခဲ့ကြသည်။

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

DepEd နှင့် G-Watch အဖွဲ့တို့သည် ဖတ်စာအုပ် ကုန်ကျစရိတ် ၆၀% ကျဆင်းသွားခဲ့ကြောင်း၊ စေတနာ့ဝန်ထမ်းများက ကုန်ပစ္စည်း သိုလှောင်ရုံများ၌ ဖတ်စာအုပ် ၁၀ % ကို စစ်ဆေးခဲ့ကြောင်း၊ နှင့် ဝယ်ယူမှုမှ ပို့ဆောင် ဖြန့်ဝေမှု အထိ လုပ်ငန်းစက်ဝန်းတစ်ခုလုံးကို ၁၂ အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း မှတ်သားသိရှိခဲ့ပါသည်။ အောင်မြင်သည့် စီမံချက် တစ်ခု ဖြစ်ခဲ့ခြင်းပင်။ "ကျွန်တော်တို့ရဲ့ တိုင်းတာတွက်ချက်မှုက ရိုးရှင်းပါတယ်။ ကျွန်တော်တို့ တိုင်းတာတဲ့ အောင်မြင်မှုကတော့ သဘောတူ ထားခဲ့တဲ့ အတိုင်း အရည်အသွေးပြည့်မီတဲ့ ဖတ်စာအုပ် တွေကို စာသင်ကျောင်းတွေ သို့မဟုတ် ကျောင်း ခရိုင်တွေဆီ ၁၀၀% နှုန်း အရောက် ပို့ဆောင်ပေးနိုင်ဖို့ပါပဲ။ အရည်အသွေး ဆိုတဲ့နေရာမှာ ဖတ်စာအုပ် အရေအတွက် မှန်ကန်ရပါမယ်၊ စာအုပ်ခေါင်းစဉ်အမျိုးအစား မှန်ကန်ရမယ်၊ စာရွက်သား အထူနဲ့ စာရွက် အရည်အသွေး မှန်ကန်ရမယ်၊ ရှင်းလင်း သေသပ်တဲ့ ပုံနှိပ်စာ ဖြစ်ရမယ်၊ ပြီးတော့ အရည်အသွေးကောင်းပြီး ခိုင်ခံ့တောင့်တင်းတဲ့ စာအုပ် ချုပ်လုပ်မှု ဖြစ်ရပါမယ်။ အဲ့ဒီလိုအပ်ချက်တွေ အားလုံးကို ပြည့်မီရပါမယ်။ အဲလိုမှ မဟုတ်ရင်တော့ ပို့ဆောင် ပစ္စည်းကို လက်မခံပါဘူး။ ပြည့်မီမှု မရှိတာ တစ်ခုခု ရှိနေခဲ့ရင် ပုံနှိပ်ထုတ်ဝေသူက အကုန်အကျခံပြီး ပြုပြင်ရမှာ ဖြစ်ပါတယ်" ဟု Luz က ရှင်းပြသည်။

*ဖတ်စာအုပ် ရေတွက်စိစစ်ရေး စီမံချက် - ၂၊ ၂၀၀၃/၂၀၀၄ - စနစ်ကို ပိုမိုကောင်းမွန်အောင် ပြုပြင်မွမ်းမံခြင်း (Textbook Count 2, 2003/2004: Polishing the system)*

နိုဝင်ဘာ ၂၀၀၃ တွင် DepEd သည် လာမည့် ပညာရေးနှစ်အတွက် ဝယ်ယူမှုကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ကျောင်းအပ်နှံမှု ကိန်းဂဏန်းအချက်အလက်များနှင့် အတိုးအလျော့အတွက် အရံ ၁၀% တို့ကို အခြေပြု၍ IMCS က ပီဆိုငွေ ၆၆၀ သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၂ သန်း တန်ဖိုးရှိသည့် ဖတ်စာအုပ်ပေါင်း ၁၄ သန်းကို မှာကြားခဲ့သည်။

၂၀၀၃ ခုနှစ် ဝယ်ယူမှုဆိုင်ရာ ဥပဒေအရ DepEd ၏ တင်ဒါလုပ်ငန်းစဉ်များကို စောင့်ကြည့်သည့် အန်ဂျီအိုအဖွဲ့အစည်းများ ပိုများ လာခဲ့ပါသည်။ ဗဟိုဆက်သွယ်ညှိနှိုင်းရေးအဖွဲ့အဖြစ် ထိုအချိန်တွင် ခိုင်ခိုင်မာမာ ရပ်တည်နေပြီဖြစ်သည့် G-Watch သည် စေတနာ့ ဝန်ထမ်းအသစ်များကို ဥပဒေနှင့်ပတ်သက်ပြီး ပညာပေးရန်နှင့် ၎င်းတို့အား တင်ဒါလုပ်ငန်းစဉ်ကို ထိရောက်စွာ လေ့လာစောင့်ကြည့်နိုင်ရေး သင်တန်းပေးနိုင်ရန် ဖိလစ်ပိုင်နိုင်ငံမှ ဝယ်ယူမှု စောင့်ကြည့်ရေး အဖွဲ့များတွင် ဦးဆောင် အဖွဲ့တစ်ခု ဖြစ်သည့် Procurement Watch အဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

Textbook Count စီမံချက်၏ ဤ ဒုတိယ အဆင့်တွင် Luz သည် ဖတ်စာအုပ် အကြောင်းအရာ အကဲဖြတ်စစ်ဆေးခြင်း (content evaluation) အပေါ် အထူးအလေးထား ဆောင်ရွက်ခဲ့သည်။ "ကျွန်တော်တို့က ဖတ်စာအုပ်အကြောင်းအရာ အကဲဖြတ်စစ်ဆေးတဲ့ ကိစ္စကို စနစ်တကျဖွဲ့စည်းပြီး လုပ်ချင်တယ်။ ဒါမှသာ အဆင့်ဆင့် အကဲဖြတ်စစ်ဆေးမှု (multitiered) လုပ်နိုင်မှာပါ။" ဟု သူကပြောသည်။ "မည်သည့် အကဲဖြတ်စစ်ဆေးသူကိုမဆို အဆင့်တစ်ဆင့် (one tier) ထက် ပိုပြီး ပါဝင်ခွင့်မပြုပါဘူး။" ဟု ဆိုသည်။ Luz သည် အဆင့်နှစ်ဆင့် အကဲဖြတ်စစ်ဆေးချက် (two-step evaluation) ကို စတင်ဆောင်ရွက်ခဲ့ပြီး၊ ထိုစနစ်တွင် အထူးကျွမ်းကျင်သူများ ပါဝင်သည့် အုပ်စုတစ်ခုက စာမူများကို IMCS ၏ သင်ရိုးညွှန်းတမ်း လမ်းညွှန်ချက်များဖြင့် ကိုက်ညီမှု ရှိ၊ မရှိ ဆုံးဖြတ်ပေးရပြီး၊ အခြားအုပ်စု တစ်ခုကမူ ပါဝင်အကြောင်းအရာ၏ တိကျမှန်ကန်မှုနှင့် ဘာသာစကား အသုံးအနှုန်း တို့ကို စစ်ဆေးပါသည်။

ပို့ဆောင်မှုဘက်တွင်လည်း အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ပါသည်။ Namfrel ၏ ဒေသဆိုင်ရာ အသင်းအဖွဲ့ ခေါင်းဆောင်များမှာ ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ တာဝန်များကြောင့် ဒေသခံ စောင့်ကြည့်သူများအား စုစည်း၊ စည်းရုံးခြင်း ကို ဦးစီး ဆောင်ရွက်ပေးနိုင်ခြင်း မရှိတော့ပါ။ ထို့ကြောင့်

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

Parafina သည် အမျိုးသားလူငယ်ကင်းထောက်အဖွဲ့ နှင့် အမျိုးသမီးလူငယ်ကင်းထောက်အဖွဲ့ တို့အား ပို့ဆောင်မှုများကို စောင့်ကြည့်ပေးစေရန် ချဉ်းကပ်ခဲ့ ပါသည်။ Parafiana သည် ကိုယ်တိုင်လည်း ကင်း ထောက်ဟောင်း တစ်ဦးအဖြစ် လူငယ် ကင်းထောက် များစွာကို တက်ကြွစွာ စုဆောင်းပေးခဲ့သူဖြစ်ပြီး၊ ကင်းထောက်အဖွဲ့၏ နိုင်ငံလုံးဆိုင်ရာ ခေါင်းဆောင် များနှင့်လည်း ရင်းနှီးမှု ရှိသူဖြစ်သည်။ ဒေသန္တရ ကောင်စီ ၁၁၅ ခု နှင့် အဖွဲ့ဝင် ၁.၆ သန်း ရှိသော အမျိုးသား လူငယ်ကင်းထောက်အဖွဲ့ မှ ကျောင်းသား များမှာ ကျောင်းတိုင်းနီးပါးတွင် ရှိပါသည်။ အမျိုးသမီး လူငယ် ကင်းထောက်အဖွဲ့မှာ ဒေသဆိုင်ရာ အသင်း ၉၆ ခု ရှိပြီး အဖွဲ့ဝင်ပေါင်း တစ်သန်းကျော် ရှိပါသည်။ Luz က "အမျိုးသား/အမျိုးသမီး လူငယ်ကင်းထောက် တွေကို ပါဝင်ကူညီနိုင်းမယ့် စိတ်ကူးစိတ်သန်းဟာ၊ G-Watch ဘက်ကနေ Parafina လုပ်ပေးခဲ့တာတွေထဲ မှာတော့ တကယ်ထူးခြားကောင်းမွန်မှု အရှိဆုံး အရာ လို့ ပြောရပါမယ်။ DepEd အတွက်လည်း အတိုင်း ထက် အလွန် အလုပ်ဖြစ်ခဲ့တယ်။ ယခင်က စေတနာ့ ဝန်ထမ်း လူကြီးတွေလို ဒီကလေးတွေက ကျောင်း ကို သွားဖို့ သတ်သတ် အချိန်ပေးနေစရာ မလိုတော့ပါဘူး။ သူတို့တွေက ကျောင်းတွေမှာ စာသင်နေတဲ့ ကျောင်း သားတွေပဲလေ။ သူတို့ကို လုပ်ခိုင်းရမှာက သတ်မှတ် ထားတဲ့ ပို့ဆောင်ရောက်ရှိမယ့် နေ့ရက်တွေမှာ ကင်း ထောက် ယူနီဖောင်းတွေ ဝတ်ပေးထားဖို့ပါပဲ။ ဒါမှသာ ကျောင်းက တာဝန်ခံတွေက ပို့ဆောင်မှုတွေကို စောင့် ကြည့်ပေးဖို့ စာသင်ခန်းထဲကနေ ဘယ်သူ့ကို ခေါ်ထုတ်မလဲ သိမှာဖြစ်တယ်" ဟု ပြောပါသည်။

ကင်းထောက်အဖွဲ့ နှစ်ခုစလုံးက Texbook Count စီမံချက် - ၂ တွင် ပါဝင်ကူညီပေးရန် သဘော တူခဲ့ကြသည်။ ဖိလစ်ပိုင်နိုင်ငံ အမျိုးသား ကင်းထောက် လူငယ်များအဖွဲ့၏ ဆက်သွယ်ရေး ဒါရိုက်တာ ဖြစ်သူ Nixon Canlapan က "၂၀၀၄ ခုနှစ်မှာ Parafina က ကျွန်တော့်ဆီလာတွေ့ပြီး စီမံချက်မှာ ပါဝင် ပေးဖို့ ဖိတ် ခေါ်ခဲ့ပါတယ်။ ဒါက ကင်းထောက် လူငယ်တွေ အတွက် တာဝန်ထမ်းဆောင်ဖို့၊ အသိအမြင် ကျယ်ပြန့် ဖို့နဲ့ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး စီမံချက်မှာ တစ်တပ်တစ်အား ပါဝင်နိုင်ဖို့ အခွင့်အလမ်းကောင်း တစ်ခု လို့ ကျွန်တော်တို့က မြင်ပါတယ်။" ဟု ပြောသည်။

အမျိုးသမီး လူငယ် ကင်းထောက်အဖွဲ့မှ အမှုဆောင် ဒါရိုက်တာ Maria Dolores Santiago က လည်း "ကျွန်မတို့ရဲ့ အမျိုးသမီးလူငယ် အများစု ဟာ အစိုးရကျောင်းတွေက ဖြစ်ပါတယ်။ သူတို့ကို ဖတ် စာအုပ်တွေ ရရှိစေချင်တဲ့အပြင်၊ ဒီစီမံချက်ကနေ အကျိုး ကျေးဇူး ရစေချင်ပါတယ်။" ဟု ပြောသည်။ "DepEd ဟာ ကျွန်မတို့၏ မဟာမိတ် အဖွဲ့အစည်းပါ။ ကျွန်မတို့ရဲ့ အကူအညီကို လိုအပ်တဲ့ သူတို့ရဲ့ စီမံချက် တွေမှာ ပံ့ပိုးကူညီပေးရမှာက ကျွန်မတို့ တာဝန်ဖြစ်ပါ တယ်။ အမျိုးသမီးလူငယ်ကင်းထောက်တွေနဲ့ လူ လတ်၊ လူကြီးပိုင်းခေါင်းဆောင်တွေကို ဒီ Textbook Count စီမံချက်မှာ ပါဝင်ကူညီ စေတာက ကျွန်မတို့ရဲ့ ရပ်ရွာ ပြည်သူလူထုအတွက် ဝန်ဆောင်မှုပေးခြင်းရဲ့ အစိတ်အပိုင်းတစ်ခု ပါပဲ။"

ညှိနှိုင်းဆက်သွယ်မှုများကို အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ရန်၊ Parafina က နိုင်ငံကို ဇုန် နှစ်ခု ခွဲခဲ့ပြီး၊ တစ်ခုအား အမျိုးသားလူငယ်ကင်းထောက်များ သို့လည်းကောင်း၊ တစ်ခုကို အမျိုးသမီးလူငယ် ကင်း ထောက်များသို့လည်းကောင်း အသီးသီး တာဝန်ချ ထားပေးခဲ့သည်။ ဦးဆောင်မှု နေရာတွင် တာဝန်ယူ ထားခြင်းမရှိတော့ သော်လည်း Namfrel ၏ ဒေသဆိုင်ရာ အသင်းအဖွဲ့ ၆၀ က ဒေသခံ စေတနာ့ ဝန်ထမ်းများအား ကူညီ စုစည်း၊ စည်းရုံးပေးခဲ့ပါသည်။

Parafina သည် ဒေသနှင့် ရပ်ရွာ အဖွဲ့ ငယ် လေးများကိုလည်း စုစည်းခဲ့ပါသည်။ "တစ်နေရာမှ မကျန်အောင် လွှမ်းခြုံ နိုင်ဖို့ လိုပါတယ်။ ကျွန်တော်က တခြားအဖွဲ့တွေကိုလည်း စုစည်းခဲ့တယ်။ အလုပ်က ဘယ်လောက် အတိုင်းအတာအထိ လုပ်ဖို့ လိုမလဲ ဆိုတာ ကို ကျွန်တော်က သိထားပြီးသားပါ။ ဒါကြောင့် အသေးစိတ်အချက်အလက်တွေ ယူတယ်၊ အချိန် ဇယား ကိုကြည့်တယ်၊ ပါဝင်ကူညီချင်တဲ့ သူတွေနဲ့ အစည်းအဝေးတွေ လုပ်ရပါတယ်။" ဟု ဆိုသည်။

© 2014, Trustees of Princeton University

၂၀၀၄ ခုနှစ် နှစ်လယ်တွင် G-Watch သည် အန်ဂျီအို ၁၈ ဖွဲ့ပါဝင်သည့် ပူးပေါင်းအဖွဲ့တစ်ခု ကို စုစည်းခဲ့ရာတွင် ကျောင်းသားမိဘများ နှင့် ရပ်ရွာပြည်သူများ ပါဝင်သည့် ဗဟိုချုပ်ကိုင်မှု မရှိသော ကွန်ယက်တစ်ခု ဖြစ်သည့် မိဘ၊ ဆရာ ရပ်ရွာ အသင်း၊ rotary clubs များ၊ ဘာသာရေး အဖွဲ့အစည်းများ နှင့် ကောင်းမွန်သည့် အုပ်ချုပ်မှု ဖြစ်ပေါ်ရေးအတွက် အက်ဘရာဒေသမှ တာဝန်သိ နိုင်ငံသားများ (Concerned Citizens of Abra for Good Governance) ကဲ့သို့သော ဒေသန္တရ အဖွဲ့များ ပါဝင်ပါသည်။

ပို့ဆောင်မှု လုပ်ငန်းစဉ်တွင် အနည်းငယ်မျှသော အပြောင်းအလဲများသာ ရှိခဲ့ပါသည်။ Parafina က "ဒုတိယအကြိမ် စီမံချက်မှာ ပထမအကြိမ်တုန်းက လုပ်ခဲ့တဲ့ဟာကိုပဲ ပြန်လုပ်ရတာပါပဲ။ တစ်ချို့အရာတွေကို ပိုကောင်းအောင် လုပ်ရတာပေါ့။" ဟု ပြောသည်။ ထပ်မံ၍ DepEd နှင့် G-Watch တို့သည် ကုန်ပစ္စည်းသို့လှောင်ရုံ စစ်ဆေးမှုများကို ဆောင်ရွက်ခြင်း၊ စောင့်ကြည့်သူများကို သင်တန်းပေးခြင်း၊ လိုအပ်သည့် အချက်အလက် စာရွက်၊ စာတမ်းများ ပုံ့ပိုးခြင်း၊ ပို့ဆောင်မှုဆိုင်ရာ ပြဿနာများကို ကိုင်တွယ် ဖြေရှင်းခြင်း နှင့် အပြီးသတ် အကဲဖြတ် သုံးသပ်ခြင်း တို့ကို ပြန်လုပ်ခဲ့ ကြပါသည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာလသို့ ရောက်သည့်အခါတွင် G-Watch၊ အမျိုးသားလူငယ် ကင်းထောက်များ၊ အမျိုးသမီး လူငယ်ကင်းထောက်များ နှင့် Namfrel တို့သည် ပို့ဆောင်မှု နေရာ ၇၆၅၆ ခု ၏ ၈၅ % တွင် ဒေသခံ စောင့်ကြည့်သူ ၈၀၀၀ ကို အောင်မြင်စွာ စုစည်း၊ စည်းရုံး ဆောင်ရွက်နိုင်ခဲ့ပါသည်။ နောက်ပိုင်းတွင် ပြုလုပ်ခဲ့သည့် အကဲဖြတ်သုံးသပ်ပွဲတွင် DepEd နှင့် မိတ်ဖက်အဖွဲ့များက ၎င်းတို့သည် တစ်အုပ်လျှင် ၄၇ ပီဆို ကျသည့် ဖတ်စာအုပ် အရေအတွက် ၁၄ သန်း ကို အောင်မြင်စွာ ဝယ်ယူပေးနိုင်ခဲ့ကြောင်း သုံးသပ် အကဲဖြတ်ခဲ့ကြသည်။ အန်ဂျီအို အဖွဲ့များသည် DepEd အား ဖတ်စာအုပ်ထုတ်လုပ်မှုအဆင့် အတွင်း ဆောင်ရွက်သည့် စစ်ဆေးမှု ၂၁ ခု အတွက် ကူညီ ဆောင်ရွက်ပေးခဲ့ကြသည်။[5] ပို့ဆောင်မှုများမှ အစီရင်ခံသည့် အမှားအယွင်းများ ကို ပုံနှိပ်ထုတ်ဝေသူများက ပြုပြင်ပေးခဲ့ကြပြီး၊ DepEd သည် အထက်တန်းကျောင်းများနှင့် ခရိုင်ရုံးများသို့ ၁၂ လ အတွင်း ၁၀၀% အရောက်ပို့ဆောင် ဖြန့်ဝေနိုင်ခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

*ဖတ်စာအုပ် ရေတွက်စိစစ်ရေး စီမံချက် - ၃၊ ၂၀၀၄/၂၀၀၅ - ဖတ်စာအုပ်ပါ အကြောင်းအရာအပေါ် အလေးထား ဆောင်ရွက်ခြင်း (Textbook Count 3, 2004/2005: Focusing on content)*

နိုဝင်ဘာ ၂၀၀၄ တွင် DepEd သည် ပီဆို ၅၅ သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၁ သန်း ပမာဏရှိသည့် ဖတ်စာအုပ် ၁.၂ သန်းကို ဝယ်ယူမည့် တတိယအကြိမ် ဝယ်ယူမှု ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ဝယ်ယူမှု နှင့် ပို့ဆောင်မှု စောင့်ကြည့်ခြင်းကို ယခင်က Texbook Count စီမံချက် နှစ်ခု ၏ ပုံစံအတိုင်း ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း Luz သည် ဖတ်စာအုပ်တွင် ပါဝင်သည့် အကြောင်းအရာအား အကဲဖြတ်ဆန်းစစ်ခြင်းကို ထပ်မံ ပြင်ဆင်ခဲ့သည်။ သူက "အဆင့်နှစ်ဆင့် အကဲဖြတ်စစ်ဆေးချက် နည်းလမ်းက ပူးပေါင်းလိမ်လည်လို့ မရအောင် အဓိကဦးတည်ထားတာပါ။ အဆင့် လေးဆင့် ပါဝင်တဲ့ လုပ်ငန်းစဉ်ကတော့ အရည်အသွေးကို အမှန်တကယ် စစ်ဆေးပေးနိုင်ပါတယ်။" ဟု ဆိုသည်။ အဆင့်လေးဆင့် နည်းလမ်းတွင် ဘာသာရပ်ဆိုင်ရာ အထူးကျွမ်းကျင်သူများက သင်ရိုးကို IMCS လမ်းညွှန်ချက်များအတိုင်း အကဲဖြတ်ဆန်းစစ် ပါသည်။ တက္ကသိုလ် ပါမောက္ခများက အချက်အလက်များ၊ အယူအဆများ နှင့် ကိန်းဂဏန်းများ ကို စစ်ဆေး ပေးခဲ့သည်။ သင်ကြားသည့် ကျောင်းဆရာများက ဖတ်စာအုပ်၏ တင်ပြဖွဲ့စည်း ထားပုံကို စစ်ဆေး ကြည့်ရှုပြီး၊ ဘာသာစကား ပညာရှင်များက အင်္ဂလိပ် နှင့် ဖိလစ်ပိုင် သဒ္ဒါ အသုံး များကို ပြန်လည်ကြည့်ရှု သုံးသပ်ပေးခဲ့ပါသည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလသို့ ရောက်ချိန်တွင် အမျိုးသားလူငယ်ကင်းထောက်များ၊ အမျိုးသမီးလူငယ် ကင်းထောက်များ နှင့် အခြားအဖွဲ့များသည် ပို့ဆောင်မှု နေရာ ၄၈၄၄ ခု သို့မဟုတ်

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ပို့ဆောင်မှု အားလုံး၏ ၆၅% ကို စောင့်ကြည့်စစ်ဆေး ပေးနိုင်ခဲ့သည်။ DepEd သည် တစ်အုပ်လျှင် ၄၆ ပီဆို ကျသင့်သည့် ဖတ်စာအုပ်ပေါင်း ၁.၂ သန်းကို အောင်မြင်စွာ ဝယ်ယူနိုင်ခဲ့သည်။ G-Watch သည် အဖွဲ့အစည်း ၃၄ ခုမှ စေတနာ့ဝန်ထမ်းပေါင်း ၆၀၀၀ ကို စုစည်း၊ စည်းရုံးနိုင်ခဲ့သည်။ အန်ဂျီအိုများသည် DepEd ၏ စစ်ဆေးမှု ၂၅ ခု အနက် ၁၉ ကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပြီး၊ ဖတ်စာအုပ် ၁၆၅၀၂၃ အုပ် သို့မဟုတ် စုစုပေါင်း ပို့ဆောင်အရေအတွက်၏ ၁၃% ကို စစ်ဆေးပေးနိုင်ခဲ့ပါသည်။ [6] DepEd သည် ပို့ဆောင်ရန် နေရာများကို ၁၂ လအတွင်း ၁၀၀% အရောက် ဖြန့်ဝေပေးနိုင်သည့် စံချိန်ကို ထပ်မံ၍ မှတ်တမ်း တင်နိုင်ခဲ့ပါသည်။

## အဟန့်အတားများကို ကျော်လွှားခြင်း (OVERCOMING OBSTACLES)

ပုံနှိပ်ထုတ်ဝေသူများအနေဖြင့် သွားရောက်ရန် လွယ်ကူသည့် ဒေသများ၊ မြို့ပြဒေသများရှိ *အထက်တန်းကျောင်းများ* သို့ တိုက်ရိုက်ပို့ဆောင်ပေးနိုင်ခဲ့ ကြသော်လည်း၊ နိုင်ငံမှ ၃၇၀၀၀ နီးပါးရှိသော *မူလတန်းကျောင်းများ* တစ်ကျောင်းချင်းစီသို့ အရောက်ပို့ပေးရန်မှာ ကုန်ကျစရိတ် မသက်သာလှကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ပစ္စည်းပို့ဆောင်သူများက ဖတ်စာအုပ်များအား ခရိုင်ရုံးများသို့ပို့ဆောင်ပေးခဲ့ပါသည်။ ခရိုင်ရုံးသည် ဖတ်စာအုပ်များအား မူလတန်းကျောင်းများသို့ ဖြန့်ဝေရန် တာဝန်ယူရမည် ဖြစ်သည်။

၂၀၀၄ ခုနှစ်တွင် Luz သည် ပစ္စည်းပို့ဆောင်သူများမှ ခရိုင်ရုံးများသို့ အရေအတွက် မှန်ကန်စွာ ပို့ဆောင်ပြီး ဖြစ်ကြောင်း မှတ်တမ်းများတွင် တွေ့ရသော်လည်း မူလတန်း ကျောင်းများသည် ၎င်းတို့၏ သတ်မှတ် ခွဲတမ်း ဖတ်စာအုပ်များကို ရရှိမှု မရှိသေးကြောင်းကို ကြားသိခဲ့ရပါသည်။ ဤကိစ္စအပေါ် DepEd မှ စုံစမ်းစစ်ဆေးရာတွင် အဆိုပါစာအုပ်များအား ခရိုင်ရုံးများ၏ စတိုခန်းများတွင် ရှိနေကြောင်းကို တွေ့ခဲ့ရပါသည်။ ကျောင်းအုပ်များ၊ ဆရာများ အနေဖြင့် ခရီးသွားလာစရိတ်များ ကျခံသုံးစွဲရန် ဝန်လေးနေခဲ့ကြပြီး၊ ဖတ်စာအုပ်များကို တစ်ကြိမ်မျှ ပင် သွားရောက် မယူခဲ့ကြပါ။ ခရိုင်ရုံးဝန်ထမ်းများ ကလည်း ကျောင်းများသို့ အရောက်ပို့ပေးရန် စီစဉ်ဆောင်ရွက်မှု မရှိခဲ့ပါ။ "ခရိုင်ရုံးဝန်ထမ်းတွေက 'ကျောင်းတွေက အရမ်းဝေးတယ်။ ကျွန်းပေါ်မှာ ဒါမှမဟုတ် တောင်တန်းတွေ ပေါ်မှာ ဒါမှမဟုတ် မြစ်ရဲ့ အခြားတစ်ဖက်မှာ ရှိနေကြတာလေ။ မူလတန်းကျောင်းတွေကို သူတို့ ဖတ်စာအုပ်တွေ လာယူပါလို့ ကျွန်တော်တို့ ပြောထားပြီးသားပါ။ ဒါပေမယ့် လာမယူကြဘူး။ ကျွန်တော်တို့မှာလည်း သူ့တို့ဆီ အရောက်ပို့ပေးဖို့ ဘာအရင်းအမြစ်မှ မရှိဘူး' စသဖြင့် ပြောကြပါတယ်" ဟု Luz က ပြန်လည် ပြောပြပါသည်။

၂၀၀၄ ခုနှစ် ဩဂုတ်လတွင်၊ Luz သည် Masbate ခရိုင်အတွင်းရှိ ဝေးလံဒေသတစ်ခုမှ မူလတန်း ကျောင်းတစ်ခုကို သွားရောက်ခဲ့ရာတွင်၊ ကျောင်းသည် ဖတ်စာအုပ်များ မရရှိသည်မှာ နှစ်နှစ်ရှိခဲ့ပြီဖြစ် ကြောင်း သိခဲ့ရသည်။ ထိုအနီးပတ်ဝန်းကျင်တွင် ခရိုင်ရုံးမှ ဖတ်စာအုပ်များကို သွားရောက် သယ်ယူပေးနိုင်မည့် မော်တော်ယာဉ် တစ်စီးတစ်လေ မျှပင် မရှိကြောင်း တွေ့ခဲ့ရသည်။ "အဲဒီကိစ္စပြော ဆိုနေတုန်း ပဲရှိသေးတယ်၊ အနီရောင် ထရပ်ကား တစ်စီး မောင်းဝင် လာတွေ့လိုက်ရတယ်ဗျ။ Coca-Cola ကားပါ။ ကျွန်တော်က ကျောင်းအုပ်ဆရာမကြီး ကို 'ဒီကားက ဘယ်အချိန်တွေ လာလေ့ရှိသလဲ ဆရာမ' လို့ မေးကြည့်တော့၊ သူက 'လတိုင်း လာတယ် ထင်တယ်' လို့ ပြောပါတယ်" ဟု Luz က ပြန်လည် ပြောပြသည်။

ဖြန့်ဖြူးရေး ကွန်ယက်များ ကျယ်ပြန့်စွာ ရှိသည့် Coca-Cola ကုမ္ပဏီသည် ခရိုင်ရုံးများမှ ဖတ်စာအုပ်များကို ဝေးလံ ခက်ခဲသည့် နေရာများရှိ မူလတန်းကျောင်းများသို့ အလွယ်တကူ ပို့ဆောင် ပေးနိုင်စွမ်း ရှိကြောင်း Luz က နားလည် သဘောပေါက်ထားပါ သည်။ မနီလာသို့ ပြန်ရောက်လျှင် ရောက်ချင်းပင် သူသည် Coca-Cola ကုမ္ပဏီ၏ လူမှု အကျိုးပြု အဖွဲ့အစည်းဖြစ်သည့် Coca-Cola Foundation ၏

© 2014, Trustees of Princeton University

ဥက္ကဋ္ဌ ဖြစ်သူ Maria Cecilia Alcantara ကို ဆက်သွယ်ခဲ့သည်။ နောက်ပိုင်း၌ တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခဲ့ပြီး Coca-Cola ၏ ဒေသဆိုင်ရာ ဖြန့်ဖြူးရေး အကြီးအကဲများက ၎င်းတို့၏ ထရပ်ကားများဖြင့် ဖတ်စာအုပ်များကို မူလတန်းကျောင်းများသို့ ပို့ဆောင်ပေးရန် သဘောတူခဲ့ကြသည်။ Alcantara က "ဒီလိုဆောင်ရွက်ပေးလို့ ကျွန်မတို့က ထပ်ပြီး ကုန်ကျမှာလည်း မဟုတ်ပါဘူး။ ပြီးတော့လည်း ကျွန်မတို့က DepEd လို အစိုးရ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အရမ်းလိုလားခဲ့တာပါ။" ဟု ပြောပါသည်။

ဤပူးပေါင်းဆောင်ရွက်မှုက ကောင်းစွာ အလုပ်ဖြစ်ခဲ့ပါသည်။ Textbook Count စီမံချက် - ၃ အတွင်းတွင် Luz က Alcantara အား မူလတန်းကျောင်းများ သို့ ဖတ်စာအုပ်များ ပေးပို့ရန် လိုအပ်နေသည့် ခရိုင်ရုံးများ စာရင်းကို ပေးခဲ့သည်။ Coca-Cola ၏ လုပ်ငန်းအဖွဲ့များက ကုမ္ပဏီ၏ ဖြန့်ဖြူးရေး လမ်းကြောင်းများ တလျှောက်မှ ခရိုင်ရုံး ၄၄၅ ခုကို ရွေးချယ်ခဲ့ သည်။ လအနည်းငယ်ကြာပြီးနောက် DepEd မှ အရာ ရှိများက ကုမ္ပဏီအား ခရိုင်ရုံးများ၌ ဖတ်စာအုပ်များ မည်သည့် အချိန်တွင် သွားရောက်သယ်ယူနိုင်မည်ကို အကြောင်းကြားခဲ့သည်။ Coca-Cola လုပ်ငန်း အဖွဲ့က လည်း ရုံးတွင်းမှ ပို့ဆောင်မှု အချိန်ဇယားတွင် သွား ရောက် သယ်ယူမည့် နီးဆော်သတိပေးချက်ကို ထည့် သွင်းခဲ့ပါသည်။ "ကျွန်မတို့ အဆင်ပြေတဲ့အချိန်မှာ စာအုပ်တွေ သယ်လို့ရပြီဆိုတဲ့ အကြောင်း လှမ်းပြီး အသိပေးရုံပါပဲ။ အဆင်ပြေတဲ့ အချိန်မှာ ကျွန်မတို့ ကား ဆရာတွေက သွားသယ်ပြီး ကျောင်းတွေကို ပို့ပေးခဲ့ပါ တယ်" ဟု Alcantara က ပြောသည်။

Textbook Count စီမံချက် - ၃ ကိုပြီးစီးသည့် အချိန်တွင် ကုမ္ပဏီသည် ခရိုင်ရုံး ၄၄၅ တွင် ပို့ဆောင် ဖြန့်ဝေမှု ၁၀၀% ဆောင်ရွက်ပေးခဲ့ကြောင်း အစီရင်ခံနိုင်ခဲ့ပါသည်။[7]

## ရလဒ်များကို ဆန်းစစ် အကဲဖြတ်ခြင်း (ASSESSING RESULTS)

၂၀၀၅ ခုနှစ် အောက်တိုဘာတွင် သမ္မတ အာရိုယိုသည် Luz ကို အလုပ်သမားနှင့် အလုပ်အကိုင် ဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ပေးခဲ့ပါသည်။ ထို အပြောင်းအရွှေ့မှာ Textbook Count စီမံချက်ဖြင့် မသက်ဆိုင်သည့် အခြား နိုင်ငံရေး အကြောင်းရင်းများကြောင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး၊ Luz သည် နောက် ခုနှစ်လ ခန့်အကြာတွင် အစိုးရမှ နှုတ်ထွက်ခဲ့ပါသည်။ သမ္မတ ထံသို့ ပေးပို့ခဲ့သည့် နှုတ်ထွက်စာတွင် DepEd တွင် ထမ်းဆောင်ခဲ့ရသော တာဝန်ကို သူ၏ ကျွမ်းကျင်မှု အသက်မွေးဝမ်းကျောင်း ဘဝတွင် "အရေးပါဆုံးနှင့် ဖြစ်မြောက်မှု အရှိဆုံး" အတွေ့အကြုံဖြစ်ကြောင်း ထည့်သွင်း ရေးသားခဲ့သည်ကို တွေ့ရသည်။[8]

Luz ၏ ဦးဆောင်မှု အောက်တွင် Textbook Count စီမံချက်ကို သုံးနှစ်တိုင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ ပြီး၊ အစိုးရကျောင်းများမှ ကျောင်းသားပေါင်း ၁၈ သန်း အတွက် ဖတ်စာအုပ်ပေါင်း ၅၃ သန်းကို ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ဖတ်စာအုပ်များ၏ ပျမ်းမျှ ဈေးနှုန်းသည် ၂၀၀၀ ခုနှစ်တွင် ၉၀ ပီဆို ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ၃၇ ပီဆိုသို့ ထက်ဝက်မက ကျဆင်း သွားခဲ့သည်။[9] ၂၀၀၅ ခုနှစ်တွင် ဖြည့်စွက်သင်ခန်းစာ လမ်းညွှန်များနှင့် ဆရာလက်စွဲများ ထပ်မံပေါင်းထည့် ခြင်းကြောင့် ပျမ်းမျှဈေးနှုန်းမှာ ၄၆ ပီဆိုသို့ ပြန်တက် လာခဲ့သည်။ သို့သော်လည်း စုစုပေါင်း ဈေးနှုန်းများမှာ ၅၀% ကျဆင်းခဲ့ခြင်းဖြစ်သည်။[10] DepEd က ကုန်ပစ္စည်း သို့လှောင်ရုံ စစ်ဆေးမှုများကို မကြာခဏ ပြုလုပ်ခဲ့သောကြောင့် ပုံနှိပ်၊ ချုပ်လုပ်မှု အရည်အသွေး များတိုးတက်ကောင်းမွန်လာခဲ့သည်။ ပုံနှိပ်ထုတ်ဝေသူများသည် စာအုပ်ပါ စာရွက် တစ်စတုရန်း မီတာတွင် ၅၄ ဂရမ် ကို အသုံးပြုခဲ့ရာမှ ၇၀ ဂရမ် စံနှုန်းသို့ ပြောင်းလဲခဲ့ပြီး စာရွက်အရည်အသွေးကို မြှင့်တင်ခဲ့သည်ကို တွေ့ရပါသည်။[11] ထို့အပြင် ဖတ်စာအုပ်များ၏ အသုံးပြုနိုင်သည့် သက်တမ်း (shelf life) မှာ ၂၀၀၂ ခုနှစ် မတိုင်မီက နှစ်နှစ် သာရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် လေးနှစ် သို့မဟုတ် ငါးနှစ်အထိ သက်

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

တမ်းရှိကြောင်း DepEd က အစီရင်ခံ တင်ပြခဲ့သည်။ တင်ဒါခေါ်ယူမှုမှသည် ပို့ဆောင်ဖြန့်ဝေမှု အထိ ဖတ်စာအုပ် စက်ဝန်းတစ်ခုလုံး ၏ ကြာချိန်ကို ၁၂ လ အဖြစ် ၅၀% လျှော့ချ နိုင်ခဲ့ပါသည်။ ၂၀၁၃ နှစ်ကုန်ပိုင်း ရောက်သည့် အချိန်တွင် ပို့ဆောင်မှုများ၏ ၉၅% မှာ မှန်ကန်တိကျမှု ရှိခဲ့ကြောင်း G-Watch မှ အစီရင်ခံခဲ့သည်။[12] စောင့်ကြည့်သူများမှ တင်ပြသည့် ချို့ယွင်းချက်များကို ပုံနှိပ်ထုတ်ဝေသူများက ပြန်လည် ပြင်ဆင်ဆောင်ရွက်ပေးခဲ့သဖြင့် Textbook Count စီမံချက် - ၃ ပြီးဆုံးချိန်တွင် ဖတ်စာအုပ်များ ပို့ဆောင်မှု ၁၀၀% အောင်မြင်ခဲ့ပါသည်။ DepEd ၏ ပြုပြင်ပြောင်းလဲရေးကို အလေးအနက် ကြိုးပမ်းမှုများ နှင့် အန်ဂျီအိုများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း တို့ကြောင့် လုပ်ငန်းစဉ်အဆင့်များအားလုံး တွင် ပွင့်လင်းမြင်သာမှု ကောင်းစွာ ဖြစ်ပေါ်စေခဲ့ပါသည်။

အစိုးရကျောင်းများမှ ရရှိသော IMCS ၏ ကိန်းဂဏန်း အချက်အလက်များ အပေါ် အခြေပြု၍ Carpentero က ကျောင်းသားတိုင်းတွင် အဓိက ဘာသာရပ်လေးခု ဖြစ်သည့် အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ နှင့် လူမှုရေး ဘာသာရပ်များ အတွက် ဖတ်စာအုပ်များ တစ်အုပ်စီ ရရှိထားကြောင်း ပြောပါသည်။ အချို့သော ကျောင်းများမှ ကျောင်းသားများမှာ ဖတ်စာအုပ်များကို မျှဝေသုံးစွဲနေရဆဲ ဖြစ်သည့်တိုင်၊ အခြားသော ဘာသာရပ်များတွင်လည်း ကျောင်းသား - စာအုပ် အချိုးမှာ တိုးတက်လာခဲ့သည်ဟု ဆိုသည်။ အမျိုးသား/ အမျိုးသမီးလူငယ် ကင်းထောက်များ၏ ပါဝင်မှုက ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းချက်ကို ပိုမိုထိရောက်၊ ကျန်ပြန့်စေခဲ့ပါသည်။ စီမံချက်တွင် ပါဝင်ကူညီခဲ့ခြင်းဖြင့် ကျောင်းသားများသည် မိမိတို့ အသုံးပြုသည့် ဖတ်စာအုပ်များအတွက် ကိုယ်တိုင် ထည့်ဝင်သယ် ပိုးခဲ့ခြင်းပင် ဖြစ်သည်။ G-Watch မှ Parafina က ဒေသခံ ရပ်ရွာပြည်သူများနှင့် ကျောင်းသားမိဘများကလည်း ပါဝင်ကူညီပေးခဲ့ကြောင်း မှတ်ချက်ပြု ပြောပါသည်။ ပုံနှိပ်ထုတ်ဝေမှုနှင့် အချိန်ဇယား နှောင့်နှေးမှုများကြောင့် ၂၀၀၆ ခုနှစ် တွင် Coca-Cola ကုမ္ပဏီမှ ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိသော်လည်း၊ ၎င်း၏ ပါဝင်မှုက အကျိုးသက်ရောက်မှု ဖြစ်ပေါ် စေခဲ့ပါသည်။ Coca-Cola ဖောင်ဒေးရှင်းမှ Alcantara က "ကျွန်မတို့အတွက်ကတော့ ဒါဟာ Coke အချိုရည်ကို အရောင်းမြှင့်တင်ပေးတဲ့ သဘောမဟုတ်ပါဘူး။ ပုဂ္ဂလိကကဏ္ဍဘက်ကနေ မတူညီတဲ့ နည်းလမ်းတစ်ခုနဲ့ ကိုယ့်မှာ ရှိတဲ့ အရင်းအမြစ်တွေ သုံးပြီး ကူညီပေးတဲ့ သဘောပါ" ဟု ပြောသည်။

အခြားအဖွဲ့များက Texbook Count စီမံချက်၏ ပုံစံကို အတုယူဆောင်ရွက်ခဲ့ကြပါသည်။ Namfrel က အလားတူ စနစ်တစ်ခုဖြင့် ကျန်မာရေး ဦးစီးဌာန၏ ဝယ်ယူမှုများကို စောင့်ကြည့်ခဲ့ပါသည်။ G-Watch ကလည်း ထိုပုံစံဖြင့် ကျောင်းဆောက်လုပ်ရေး စီမံချက်များ ကို စောင့်ကြည့်ခဲ့သည်။ အချို့သော အဖွဲ့များက အလားတူ မဟာဗျူဟာများကိုပင် ပြည်သူ့ဆောက်လုပ်ရေး ဦးစီးဌာန၏ ဝယ်ယူမှုများအား စောင့်ကြည့် စစ်ဆေးရာတွင် အသုံးချခဲ့ကြသည်။

မည်သို့ပင်ဆိုစေ Texbook Count စီမံချက်တွင် အခက်အခဲ ဖြစ်စေခဲ့သည့် ပြဿနာငယ်လေးများလည်း ရှိခဲ့သည်ပင်။ ပုံနှိပ်မှု နှောင့်နှေးကြန့်ကြာခြင်းများ ၊ သို့မဟုတ် တောင်ကျရေဖုံးလွှမ်းမှု သို့မဟုတ် မိုသည်းထန်စွာ ရွာသွန်းမှု ကဲ့သို့သော သဘာဝ အခြေအနေများက ပေးသွင်းသူ (suppliers) များအား အချိန်ဇယားအတိုင်း ပို့ဆောင်ပေးနိုင်ရေးအတွက် အဟန့်အတားဖြစ်စေခဲ့ပါသည်။ သို့မဟုတ် ဖတ်စာအုပ်များ လုံးဝ ရောက်မလာခဲ့ဘဲ ဒေသခံ စေတနာ့ဝန်ထမ်းများက လာရောက်စောင့်ကြည့်နေခဲ့ရသည့် အခြေအနေများ ဖြစ်သည်။ အချို့သော ဖြစ်ရပ်ဥပမာများ၌ သတ်မှတ်ထားသည့် ပို့ဆောင်ချိန်တွင် စေတနာ့ဝန်ထမ်းများ လာရောက်မှု မရှိသောကြောင့် ပစ္စည်းပို့ဆောင်သူများက စောင့်ကြည့်သူများ၏ လက်မှတ်များကို မရဘဲ ပို့ဆောင် ပေးခဲ့ရသည်။ အခြားဖြစ်ရပ်များ တွင်မူ ထုတ်လုပ်မှု လုပ်ငန်းခွင်တွင် အရည်အသွေး စစ်ဆေးပေးရုံဖြင့် ပုံနှိပ်ထုတ်ဝေသူများအား ချို့ယွင်းမှုများပါနေသည့် ဖတ်စာအုပ်များ ပေးပို့ခြင်းကို အပြည့်အဝ မဟန့်တားနိုင်ခဲ့ပါ။ ဤအနေအထားမှာ အထူးသဖြင့် နိုင်ငံတကာမှ ပေးသွင်းသူများတွင် ပိုမို

© 2014, Trustees of Princeton University

တွေ့ရတတ်ပါသည်။ ၎င်းတို့အား ပို့ဆောင်မှု မပြုမီတွင် စစ်ဆေးရန် မဖြစ်နိုင်သော ကြောင့် ဖြစ်သည်။

Luz ထွက်သွားခဲ့ပြီးနောက်တွင် Textbook Count စီမံချက် ၄ နှင့် ၅ ကို ၂၀၀၆ နှင့် ၂၀၀၇ ခုနှစ်တို့တွင် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ Parafina က "Luz ထွက်သွားတော့ ကျွန်တော်တို့ အရမ်းကို စိတ်ပျက် လက်ပျက် ဖြစ်သွားပါတယ်။ သူက DepEd မှာ ကျွန်တော်တို့အတွက် မှီခိုအားထားရာပါ။" ဟု ပြောသည်။ သို့သော်လည်း G-Watch သည် ဦးစီးဌာနမှ အလယ်အလတ်အဆင့် မန်နေဂျာများဖြင့်လည်း ခိုင်မာ ကောင်းမွန်သည့် ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့သဖြင့် ၎င်းတို့အား စီမံချက်ကို ဆက်လက် ဆောင်ရွက်ရန် ဆွဲဆောင်စည်းရုံးခဲ့သည်။ "ဒါဟာ အခြေခံ အဆောက်အအုံ တစ်ခု ဖြစ်ပေါ်သွားပြီ ဆိုတဲ့ သက်သေပဲ လို့ ကျွန်တော်တို့ နားလည်လိုက်ပါတယ်။ ကိုယ့်ဟာကိုယ် ဆက်လက်ပြီးတော့ ရပ်တည်သွားနိုင်ဖို့ Luz စတင်ဆောင်ရွက် ပေးသွားခဲ့ပါတယ်။ အနည်းဆုံးတော့ ကျွန်တော်တို့ဟာ နောက်တစ်ကြိမ် ဆက်လက် ဆောင်ရွက်ရမှာပါ။" ဟု Parafina က ပြောပါသည်။

Textbook Count စီမံချက် - ၅ တွင် အန်ဂျီအိုများ၏ အခန်းကဏ္ဍကို လျှော့ချခဲ့ပါသည်။ IMCS က စေတနာ့ဝန်ထမ်းများကို တိုက်ရိုက် စုစည်း၊ စည်းရုံးခဲ့ပြီး၊ G-Watch သည် အနည်းအကျဉ်းမျှသာ ပါဝင်ခဲ့ပါသည်။ Parafina က "Textbook Count စီမံချက် ၅ ဟာ ယခင်နှစ်တွေရဲ့ ပင်မလက္ခဏာရပ်တွေဖြစ်တဲ့ အားစိုက်ပြီး ညှိနှိုင်းဆက်သွယ်ပေးတာ၊ စေတနာ့ဝန်ထမ်းတွေကို အချက်အလက် စာရွက်စာတမ်းတွေ ပေးပို့တာ၊ ရှင်းလင်းမိတ်ဆက်ပွဲတွေ ပြုလုပ်တာတွေကို ဆက်လက်ပြီး ထိန်းသိမ်း ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဘူး လို့ ထင်ပါတယ်။" ဟု ဆိုသည်။ အန်ဂျီအိုများ၏ အခန်းကဏ္ဍကို လျှော့ချပစ်ခဲ့သည့် အချိန်မှာပင် ၎င်းတို့ကလည်း ပို့ဆောင်မှုများအား ဆက် လက်စောင့်ကြည့်နိုင် တော့ခြင်း ရှိ၊မရှိ စဉ်းစားနေချိန်နှင့် တိုက်ဆိုင်ခဲ့သည်ဟု ဆိုသည်။ Parafina က "ကျွန်တော်တို့ ပြောဆို ဖြစ်ခဲ့တယ် 'ငါတို့ ဒါကို တစ်သက်လုံး ဆက်လုပ်သွားမှာလား' ပေါ့။" ဟု ပြောပါသည်။ အရင်းအမြစ်များ အကန့် အသတ်ဖြင့်သာ ရှိသည့်အတွက် G-Watch အနေဖြင့် စီမံချက်ကို ဆက်လက် ဆောင်ရွက်နိုင်စွမ်း မရှိတော့ ကြောင်း သဘောပေါက်နားလည်ထားခဲ့ပါသည်။ ဤစီမံချက်မှ အခြားစောင့်ကြည့်ရေး စီမံချက်များသို့ ကူးပြောင်းရမည်လည်း ဖြစ်သည်ဟု ဆိုသည်။ Parafina သည် Textbook Count ကို အမျိုးသား/အမျိုးသမီး လူငယ် ကင်းထောက် အဖွဲ့များသို့ လွှဲပြောင်းပေးရန် စတင် ဆွေးနွေးခဲ့ပါသည်။ သို့သော်လည်း သူ့အဆိုပြုချက်အတိုင်း လုံးလုံးလျားလျားတော့ မဖြစ်ခဲ့ပါ။

IMCS မှ အရာရှိများက စီမံချက်သည် DepEd မှ အမြဲတမ်းဆောင်ရွက်သွားမည့် အစိတ်အပိုင်း တစ်ခု ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ၂၀၀၇ ခုနှစ် နောက်တွင် ဦးစီးဌာနသည် အထက်တန်းကျောင်းများအတွက် ဖတ်စာအုပ် အရေအတွက် အနည်းငယ်မျှကိုသာ ဝယ်ယူခဲ့ပါသည်။ ထို့ကြောင့် IMCS သည် ပို့ဆောင်မှုများကို စောင့်ကြည့်ရန်အတွက် ကျောင်းတာဝန်ခံအရာရှိများနှင့် အမျိုးသား/အမျိုးသမီး ကင်းထောက်လူငယ်များဖြင့်သာ တိုက်ရိုက် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ် တွင် IMCS မှ Pilor က "အန်ဂျီအိုတွေနဲ့ DepEd ရဲ့ ပူးပေါင်းဆောင်ရွက်မှုက တရားဝင်ဖြစ်ပြီး၊ တာဝန်တွေ ကို လည်း သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ကြီးမားတဲ့ ပို့ဆောင်မှု ကိစ္စတွေမှာ အရပ်ဘက်လူမှုအဖွဲ့အစည်း တွေရဲ့ ပါဝင်မှုကို ပြန်လည်ဖြစ်ထွန်းလာအောင် ဆောင်ရွက်သွားမှာပါ" ဟု ဆိုသည်။

ပို့ဆောင်မှု မပြုခြင်း သို့မဟုတ် သတ်မှတ်အရေအတွက်ထက် လျော့နည်း၍ ပို့ဆောင်ခြင်းများကို အစီရင်ခံတင်ပြမှု မရှိတော့သော်လည်း ပြဿနာတစ်ခု ပြန်လည် ဖြစ်ပေါ်လာခဲ့ သည်ဟု Capentero က ဆိုသည်။ "ဟိုအရင်တုန်းကလိုမျိုး ပေးသွင်းသူက သူ့ကိုယ်ပိုင် အချိန်ဇယားအတိုင်း ပို့ဆောင်တဲ့ အခြေအနေ ပြန်ဖြစ်လာပါတယ်။ အချိန်ကာလ အတန်ကြာ ရှိလာပြီးဖြစ်တဲ့ စည်းကမ်း

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

တစ်ခု၊ သတ်မှတ်ထားပြီး ဖြစ်တဲ့ စံနှုန်းတစ်ခုကို ချိုးဖောက်လာတာ ဖြစ်ပါတယ်။" ဟု ဆိုသည်။

မည်သို့ပင်ဆိုစေ ဝယ်ယူမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။ ၂၀၁၃ခုနှစ် ဝယ်ယူမှု ဥပဒေ နှင့် ကိုက်ညီမှုရှိစေရန် DepEd သည် ဝယ်ယူမှုတွင် အန်ဂျီအိုပါဝင်မှုကို ထည့်သွင်းဆောင်ရွက်ရန် အမိန့် ညွှန်ကြားချက် တစ်ရပ်ကို ၂၀၀၇ ခုနှစ်တွင် သတ်မှတ်ခဲ့ပါသည်။ Capentero က "ဝယ်ယူမှုမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဟာ ပုံမှန်ဆက်သွားနေပါတယ်။ ပိုပြီး စနစ်တကျရှိလာတယ်လို့ ထင်ပါတယ်" ဟု ဆိုသည်။ အန်ဂျီအိုအဖွဲ့အစည်းများသည် ဖတ်စာအုပ် ဝယ်ယူမှု လုပ်ငန်းစဉ်များအပါအဝင် ဦးစီးဌာန၏ လေလံ/တင်ဒါ လုပ်ငန်းစဉ်များ ကို ဆက်လက် စောင့်ကြည့်ခဲ့ကြပါသည်။

## သုံးသပ်ချက်များ (REFLECTIONS)

၂၀၁၁ ခုနှစ်တွင် Juan Miguel Luz က ပညာရေးဦးစီးဌာန သို့မဟုတ် DepEd အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ခြင်းကို ပြန်လည်သုံးသပ်ပြောဆိုရာ "ဖိလစ်ပိုင်မှာ နိုင်ငံရေးအရ ခန့်အပ်တဲ့ ရာထူးတွေဟာ သက်တမ်းတိုပြီး၊ ခန့်မှန်းလို့မရတဲ့ ကာလ အကန့်အသတ်တွေရှိတယ်။ DepEd ရဲ့ ခေါင်းဆောင်ပိုင်းကလည်း အချိန်တိုအတွင်း မကြာခဏ ပြောင်းလဲနေတယ်။ လူသစ်တွေဝင်ရောက်လာပြီး နားလည်အောင် သင်ယူနေတုန်းမှာပဲ သက်တမ်းက ကုန်သွားတယ်။ ၁၉၈၆ ကနေ ၂၀၁၀ အကြားမှာ DepEd မှာ ခန့်အပ်ခံရတဲ့ အတွင်းဝန် တစ်ဦးရဲ့ ပျမ်းမျှ သက်တမ်းက ၂၄ လ ဝန်းကျင်ပဲ ရှိပါတယ်။ ဘယ်လိုလုပ်ပြီး အလုပ်ဖြစ်မှာလဲ။ ၂၀၀၀ ခုနှစ် အစောပိုင်းနဲ့ ၂၀၀၂ ခုနှစ် နှစ်လယ်ပိုင်းတွေမှာ ပညာရေးဦးစီးဌာန အပေါ်မှာ တရားဝင်ခွင့်ပြုထားတဲ့ လေ့လာမှု နှစ်ခု လုပ်နိုင်ခဲ့တဲ့ အခွင့်အရေးကို ရခဲ့ပါ တယ်။" ဟု ဆိုပါသည်။ "ဗဟိုရုံးရဲ့ အတွင်းထဲမှာကော၊ ပြင်ပမှာပါ၊ ကျောင်းတွေနဲ့ ရုံးခွဲတွေမှာပါ ပြုပြင်ပြောင်းလဲရေးကို လိုလားတဲ့သူတွေ ရှိတယ်ဆိုရင် ပြုပြင်ပြောင်းလဲရေးဟာ ဆက်လက်ပြီး ဖြစ်တည်သွားမယ့် အခွင့်အလမ်းရှိပါတယ်။ ဒါပေမယ့် အဲ့ဒီလိုလူတွေ မရှိတော့ဘူးဆိုရင် နောက်တက်လာမယ့် ခေါင်းဆောင်က ဒီပြုပြင်ပြောင်းလဲရေးတွေကို ဆက်လုပ်မှာလား၊ ပြောင်းပစ်မှာလားဆိုတာ အာမခံချက် မရှိပါဘူး။ ပြုပြင်ပြောင်းလဲရေးတွေကို ခိုင်မာ စနစ်ကျအောင် တည်ဆောက်နိုင်ဖို့က DepEd မှ မဟုတ်ပါဘူး၊ ဖိလစ်ပိုင်နိုင်ငံရဲ့ အုပ်ချုပ်ရေးယန္တရားကြီး တစ်ခုလုံးအတွက် အကြီးမားဆုံးနဲ့ အခက်ခဲဆုံး စိန်ခေါ်မှုပါ။" ဟု Luz က ဖြည့်စွက် ပြောပါသည်။

Government Watch အဖွဲ့၏ ဒါရိုက်တာဟောင်း ဖြစ်သူ Redempto Parafina က Textbook Count စီမံချက်သည် အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် ထိတွေ့ပူးပေါင်းဆောင်ရွက်မှု ပုံစံသစ် တစ်ခုကို စတင် လမ်းဖွင့် ပေးနိုင်ခဲ့သည်ဟု ဆိုသည်။ "Textbook Count စီမံချက်ဟာ တကယ်ထူးခြားကောင်းမွန်တဲ့ ပါဝင် ဆောင်ရွက်မှု တစ်ခုဖြစ်ပါတယ်။ အရပ်ဘက်လူမှု အဖွဲ့အစည်းတွေရဲ့ ပါဝင်ဆောင်ရွက်နိုင်တဲ့ အနေအထားက အကြံပြုတိုက်တွန်း နှိုးဆော် တာထက် ပိုခဲ့ပါတယ်" ဟု သူက ပြော သည်။ "ကျွန်တော်တို့အနေနဲ့ တစ်စုံတစ်ခုကို လုပ်ပြရမှာ ဖြစ်တဲ့အတွက် ဒါဟာ ထူးခြားပါတယ်။ ကျွန်တော်တို့က စောင့်ကြည့်စစ်ဆေးပေးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့က DepEd အပေါ်မှာ ယုံကြည်မှု ထားပေးရပါတယ်။ သူတို့ကလည်း ကျွန်တော်တို့ အပေါ်မှာ အလားတူ ပါပဲ။ ဒီစီမံချက်က အစိုးရနဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းကြားမှာ ပေါင်းစပ်ဆောင်ရွက်နိုင်တဲ့ အခြားသော ပုံစံ တစ်ခုကို စတင်ပေးခဲ့တာပါ။" ဟု သူက သုံးသပ်ပါသည်။

စီမံချက်၏ သက်ရောက်မှုသည် အစိုးရအရာရှိများနှင့် အန်ဂျီအိုများမှ တက်ကြွလှုပ်ရှားသူများ၏ ဘောင်ကို ကျော်လွန်၍ ရောက်ရှိခဲ့ပါသည်။ အမျိုးသမီး လူငယ်ကင်းထောက်အဖွဲ့၏ အမှုဆောင် ဒါရိုက်တာ Maria Dolores Satiago က "အမျိုးသမီး လူငယ်လေးတွေဟာ စီမံချက်မှာ ပါဝင်ခဲ့ရလို့ ဝမ်းသာဂုဏ်ယူ နေကြပါတယ်" ဟု ရိုးရှင်းစွာပင် ပြောခဲ့ပါသည်။

© 2014, Trustees of Princeton University

## နိဂုံး

၂၀၁၇ မှ ၂၀၁၂ ခုနှစ်အထိ DepEd သည် ပြည်သူ့အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ ဖတ်စာအုပ်ပို့ဆောင်မှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေမည့် နည်းလမ်းများကို ထပ်မံ ရှာဖွေခဲ့ပါသည်။ အစောပိုင်းတွင် ကျင့်သုံးခဲ့သော တီထွင်ဆန်းသစ်မှုများမှာ ဆက်လက်မတည်တံ့ခဲ့ပါ။

*ဖတ်စာအုပ် လမ်းခရီး (Textbook Walk)*

၂၀၀၇ ခုနှစ်၊ ဧပြီလတွင် G-Watch နှင့် DepEd တို့သည် Textbook Walk ဟု ခေါ်ဆိုသည့် လှုပ်ရှားမှုအစီအစဉ် တစ်ခုကို စတင်ခဲ့ကြသည်။ ၎င်းသည် Textbook Count စီမံချက်ကို အားဖြည့်ပေးနိုင်ရန်နှင့် ခရိုင်ရုံးများမှ စာအုပ်များအား မူလတန်း ကျောင်းများသို့ ပို့ဆောင်ပေးနိုင်ရန်အတွက် ဒီဇိုင်းရေးဆွဲထားသည့် နှစ်စဉ်ဆောင်ရွက်မည့် လှုပ်ရှားမှု အစီအစဉ် တစ်ခု ဖြစ်ပါသည်။

ခရိုင် ၁၂ ခုမှ ရပ်ရွာ စေတနာ့ဝန်ထမ်းများ၊ ကျောင်းသားမိဘများ၊ ဆရာများ နှင့် ကျောင်းတာဝန်ခံအရာရှိများသည် ကလေးငယ်များ၏ အရည်အသွေးတိုးတက်မှု အတွက် ကျောင်းစာအုပ်များမှာ မည်မျှအရေးပါကြောင်းကို ဦးတည်တင်ပြနိုင်ရန်အတွက် ပွဲတော် တစ်ခု စီစဉ်ကျင်းပခဲ့ကြသည်။[13] Parafina က "မိတ်ဖက်အဖွဲ့တွေဖြစ်တဲ့ Namfrel ၊ အမျိုးသား / အမျိုးသမီးလူငယ် ကင်းထောက်အဖွဲ့တွေဆီ စာရေးပြီး ပူးပေါင်းပါဝင်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဒါပေမယ့် အစီအစဉ်ကို ကိုယ့်ဟာကိုယ် ရေးဆွဲ စီစဉ်ရမှာဖြစ်ပါတယ်။ ဒါဟာ ရပ်ရွာလူထုနဲ့ ပူးတွဲ ဆောင်ရွက်ချက် ပါ။" ဟု ဆိုသည်။ ခရိုင်တစ်ခုစီတွင် ကျောင်း ၇ ကျောင်းခန့်မှ ပွဲ သို့ တက်ရောက်ခဲ့ကြသည်။ "Texbook Walk အစီအစဉ်ဟာ ပွဲကြိုက်တတ်တဲ့ ဖိလစ်ပိုင်တွေကို ကောင်းကောင်း ဆွဲဆောင်နိုင်ခဲ့ပါတယ်။" ဟု Parafina က မှတ်ချက်ပြုသည်။ အခမ်းအနားတွင် သီချင်းသီဆိုမှုနှင့် အက များအပြင် ကဗျာများ ရွတ်ဆိုခြင်း လည်း ပါဝင်ပါသည်။ ထို့နောက်တွင် စေတနာ့ဝန်ထမ်းများ၊ ဆရာများနှင့် ကျောင်းအရာရှိက ခရိုင်ရုံးမှ ဖတ်စာအုပ်များကို ခြေကျင် သို့မဟုတ် မော်တော်ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များ၊ လှေများ၊ လှည်းများဖြင့် သယ်ယူပြီး မူလတန်း ကျောင်းများသို့ ပို့ဆောင်ခဲ့ကြပါသည်။ အချို့သော ဒေသများတွင် လူတန်းများ စီပြီး ဖတ်စာအုပ်များကို တစ်ဆင့်ချင်း သယ်ယူ ပို့ဆောင် ပေးခဲ့ကြသည်။

Textbook Walk စီမံချက်ဖြင့် စေတနာ့ဝန်ထမ်းများသည် ပီဆို ၂.၅ သန်း (US$48,000 ခန့်) တန်ဖိုးရှိသည့် ဖတ်စာအုပ်ပေါင်း ၆၀၀၀၀ ကို မူလတန်းကျောင်းပေါင်း ၁၁၀ သို့ ၂၀၀၇ ခုနှစ်တွင် သယ်ယူပို့ဆောင် ပေးနိုင်ခဲ့သည်ဟု G-Watch က ခန့်မှန်းခဲ့ပါသည်။[14] "စီမံချက်က အရမ်းအောင်မြင်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ရက်အတွင်းမှာပဲ စာအုပ်တွေအားလုံးကို မူလတန်းကျောင်းတွေဆီ ပို့ဆောင်ပေးနိုင်ခဲ့တယ်။ ဒါ့အပြင် ရပ်ရွာပြည်သူလူထုအသိအမြင် နိုးကြားမှု နဲ့ ပါဝင်ဆောင်ရွက်မှုကိုလည်း ရရှိခဲ့ပါတယ်။" ဟု Parafina က ပြောပါသည်။ ပညာရေးဦးစီးဌာနသည် စီမံချက်ကို နောက်နှစ်များတွင်လည်း ဆက်လက် ဆောင်ရွက်ခဲ့ပြီး ဒေသခံ ရပ်ရွာပြည်သူများ နှင့် ကျောင်းတာဝန်ခံအရာရှိများအား Textbook Walk အစီအစဉ်များ ကျင်းပရန်၊ စေတနာ့ဝန်ထမ်းများ စုစည်းရန်နှင့် ဖတ်စာအုပ်များကို မူလတန်း ကျောင်းများသို့ သယ်ယူပို့ဆောင်ပေးရန် တိုက်တွန်းခဲ့သည်။

တစ်ချိန်တည်းမှာပင် Textbook Count ၏ G-Watch ကဲ့သို့ မိတ် ဖက် အဖွဲ့အစည်းများမှ တဆင့် ဗဟိုမှ ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်းပုံစံကို လျှော့ချ ခဲ့ပါသည်။ G-Watch မှ ဒါရိုက်တာ တစ်ဦးဖြစ်သူ Joy Aceron က အဖွဲ့အစည်းသည် ၂၀၀၇/၂၀၀၈ နောက်ပိုင်း၌ စီမံချက်တွင် ပါဝင်ခြင်းကို စတင်၍ လျှော့ချခဲ့ပြီး ဆက်သွယ်ညှိနှိုင်းရေး တာဝန်အား DepEd ကို လွှဲပေးခဲ့သည်ဟု မှတ်ချက်ပြု ပြောသည်။ "ကျွန်မတို့က Textbook Count လို စီမံချက်တွေမှာ ဆက်သွယ်ညှိနှိုင်းရေး (coordination) အလုပ်ကို အမြဲတမ်းကြီး လုပ်မသွားနိုင်ဘူးလို့ တွေးခဲ့ပါတယ်" ဟု ဆိုသည်။ G-Watch ၏ ပါဝင်မှု အခန်းကဏ္ဍကို လျှော့ချခဲ့သည်နှင့်

© 2014, Trustees of Princeton University

အတူ အရပ်ဘက်လူမှု အဖွဲ့အစည်းများသည် ၂၀၀၂ မှ ၂၀၀၇ အကြားတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အတိုင်း အတာလောက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပို့ဆောင်မှုများစောင့်ကြည့်ခြင်းတို့ကို မလုပ်ဆောင်တော့ပါ။ အရင်းအမြစ်များ အကန့်အသတ်ဖြင့်သာ ရှိခြင်းနှင့် အခြားဦးစားရန် ကိစ္စများ ရှိနေကြသည့်အတွက် အစီအစဉ်အား နေ့စဉ် စီမံခန့်ခွဲ ပေးမည့် ဗဟို အရပ်ဘက် အဖွဲ့အစည်း ထပ်မံထွက်ပေါ်လာခြင်း မရှိခဲ့ပါ။

သို့သော်လည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် Textbook Count ၏ ရပ်ရွာပြည်သူများမှ စောင့်ကြည့်စစ်ဆေးမှုကို ဆက်လက်တည်တံ့စေရန် ဆန်းသစ်သည့် နည်းလမ်းများဖြင့် စမ်းသပ်ဆောင်ရွက်ခဲ့ ကြပါသည်။ ဥပမာအားဖြင့် G-Watch မှ ဒါရိုက်တာ Joy Aceron က ပြောသည်မှာ "ကျွန်မတို့ အရင်က လုပ်ခဲ့တဲ့ နိုင်ငံအဆင့်ကနေ ဆက်သွယ်ညှိနှိုင်းပေးတဲ့ ပုံစံကို အစားထိုးမယ့် ဒေသန္တရ မဏ္ဍိုင်အဖွဲ့တွေ (local hubs) ဖွဲ့ပေးနေပါတယ်။ ဆက်သွယ် ညှိနှိုင်းမှု (coordination) ကို ဒေသန္တရကြား အဆင့်ကို ချပေးလိုက်နိုင်မယ်ဆိုရင်၊ အဲ့ဒီအဆင့်မှာ ကိုယ့်ရဲ့အလုပ်ဖြစ်တယ် ဆိုတဲ့ ownership ကို တည်ဆောက်နိုင်မယ် ဆိုရင်၊ အဖွဲ့တွေပိုပြီး ပါဝင်ဆောင်ရွက်လာမယ် ဆိုရင်၊ ဒါက ရပ်ရွာ လူထုအခြေပြု ဆောင်ရွက်ချက် (community-based action) ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားနိုင်လိမ့်မယ်လို့ ကျွန်မတို့က ထင်ပါတယ်။" ဟု ဆိုပါသည်။

ဤသို့သော ပြင်ဆင်မှုများနှင့် အတွင်း ဝန်ရုံးမှ Textbook Count ကို ၎င်း၏ ပုံမှန် လုပ်ငန်းအစိတ်အပိုင်း တစ်ရပ်အဖြစ် ခိုင်မာစနစ်ကျစေရန် ၊ အဓိကထား ဆောင်ရွက်ရန် ပြောဆိုခြင်းများ ရှိနေသော် လည်း ပို့ဆောင်မှု ဆိုင်ရာ သတင်းအချက်အလက်များမှာ နယ်မြေအချို့မှလွဲ၍ ယခင်အတိတ်ကကဲ့သို့ ဗဟိုရုံးနှင့် ခရိုင်များ၊ ကျောင်းများနှင့် ပြည်သူ့အဖွဲ့အစည်းများ အကြား အပြန်အလှန် စီးဆင်းမှု ကောင်းစွာ မရှိတော့ ပါ။

*စာအုပ်ဝယ်ယူမှု၊ ၂၀၁၁/၂၀၁၂*

*(Book Procurement, 2011/2012)*

၂၀၀၉ မှ ၂၀၁၁ အတွင်း DepEd သည် ၂၀၁၁/၂၀၁၂ ပညာသင်နှစ်အတွက် ပီဆို ၁.၃ ဘီလီယံ ပမာဏ ရှိသည့် ဖတ်စာအုပ် ၃၇ သန်းကို ထပ်မံ ဝယ်ယူခဲ့သည်။ ထိပ်ပိုင်း စီမံခန့်ခွဲမှု တွင် အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ခြင်း၊ အချိန်အကန့်အသတ်များ ရှိနေခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် တိုင်ဖွန်း မုန်တိုင်းများကြောင့် ဦးစီးဌာနသည် ၂၀၀၂ မှ ၂၀၀၅ အကြားတွင် ကျင့်သုံးခဲ့သည့် နိုင်ငံတကာမှ ပါဝင်ယှဉ်ပြိုင်သည့် လေလံ/တင်ဒါ စနစ်ကို ဆက်လက် မဆောင်ရွက်နိုင်ခဲ့ပါ။ သတ်မှတ် အချိန်ဇယား အရ DepEd သည် နောက်ကျလျက် ရှိနေပြီး၊ မြန်မြန် ဆန်ဆန် မဆောင်ရွက်နိုင်ပါက ဝယ်ယူရေးအတွက် လျာထားသည့် ပိုက်ဆံ ကို လက်လွတ် ဆုံးရှုံးသွားနိုင်ပါသည်။ အတွင်းဝန် Armin Luistro ၏ ထောက်ခံ အတည်ပြုချက်ဖြင့် ဝယ်ယူခြင်းဆိုင်ရာ ဝန်ဆောင်မှု ဌာနသည် မူပိုင်ခွင့်များကို သက်တမ်းတိုးရန်နှင့် စာအုပ်များ ပြန်လည်ပုံနှိပ်ရန် ယခင်က ရွေးချယ်ခဲ့သော ပုံနှိပ်ထုတ်ဝေသူများဖြင့် တိုက်ရိုက်စာချုပ် ချုပ်ဆိုခဲ့ပါသည်။

ဤဆုံးဖြတ်ချက်က မကောင်းသည့် အစဉ်အလာ တစ်ခုကို ဖြစ်စေခဲ့ပါသည်။ ဥပဒေကြောင်းအရ ကာကွယ်ပြောဆိုနိုင်စရာ ရှိသော်လည်း ဤကဲ့သို့ တိုက်ရိုက်စာချုပ် ချုပ်ဆိုမှုမှာ နိုင်ငံတကာမှ အကောင်းဆုံးသော ဝယ်ယူမှု စံနှုန်းများဖြင့် ကွဲလွဲ နေပြီး၊ ဦးစီးဌာန၏ ၂၀၀၄ ခုနှစ် ကျောင်းသုံးဖတ်စာအုပ် မူဝါဒဖြင့်လည်း ကိုက်ညီမှု မရှိပါ။ မူဝါဒအရ ဦးစီးဌာနအနေဖြင့် တင်ဒါ ယှဉ်ပြိုင်မှု မှတဆင့်သာ ဖတ်စာအုပ် ဝယ်ယူရမည် ဖြစ်သည်။[15] (ဦးစီးဌာန အရာရှိများက ပြန်လည် သက်တမ်းတိုးသည့် စာအုပ် ခေါင်းစဉ် ၁၈ မှာ ၂၀၀၄ မူဝါဒ မတိုင်ခင်က စာအုပ်များဖြစ်သည် ဟု မှတ်ချက် ပြုပါသည်) ဦးစီးဌာန၏ ဝယ်ယူမှု လုပ်ငန်းများကို စောင့်ကြည့်သည့် အရပ်ဘက် လူမှု အဖွဲ့အစည်းများက လည်း လက်ခံမှု သိပ်မရှိလှ သည့်တိုင်

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

နောက်ဆုံး တွင် DepEd ဆုံးဖြတ်ချက်အတိုင်း လက်ခံဆောင်ရွက် ပေးခဲ့ကြပါသည်။

*ဖတ်စာအုပ် ပို့ဆောင်ခြင်း၊ ၂၀၁၁/၂၀၁၂ (Textbook delivery, 2011/2012)*

ပို့ဆောင်မှုများကို ကြီးကြပ်သည့် သင်ကြားရေး ပစ္စည်းများဆိုင်ရာ ကော်မတီ အတွင်းဝန်ရုံး ညွှန်ကြားရေးမှူး Pilor ၏ ပြောကြားချက်အရ ပို့ဆောင်ဖြန့်ဝေမှု ဘက်တွင် Textbook Count စီမံချက် ၁ မှ ၅ အထိ ကျင့်သုံးခဲ့သည့် ဆောင်ရွက်ပုံအချို့ကို ယခင် အတိုင်း ကျင့်သုံး နေဆဲ ဖြစ်သည်ဟု ဆိုပါသည်။ ဦးစီးဌာနသည် ကျောင်းပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည့် ဝန်ထမ်းများ (school property custodians) အတွက် မိတ်ဆက်ရှင်းလင်းတင်ပြမှု အလုပ်ရုံ ဆွေးနွေးပွဲ တစ်ခု ကို ပြုလုပ်ခဲ့ပါသည်။ ၎င်းတို့သည် ကျောင်းများ အတွက် လျာထားသည့် စာအုပ်ပို့ဆောင်မှု များကို မှတ်သားစစ်ဆေးရန် တာဝန်ရှိသည့်ဝန်ထမ်းများလည်း ဖြစ်ပါသည်။ (အရပ်ဘက်အဖွဲ့အစည်းစောင့်ကြည့်သူများမှာ ယခင်နှစ်များ ကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲ တွင် အပြည့်အဝ ပါဝင်ခြင်းမရှိတော့ပါ။) မိတ်ဆက်ရှင်းလင်းပွဲတွင် အတွင်းဝန်ရုံး အရာရှိများက တာဝန်ခံ ဝန်ထမ်းများအား ပို့ဆောင်မှုများအတွင်း ဖြစ်ပေါ်သည့် ပြဿနာများကို အစီရင်ခံ တင်ပြနိုင်ရန် ၂၀၀၅ ခုနှစ်မှစ၍ သီးသန့်ထားရှိခဲ့သော DepEd၏ ဖုန်းစာတို ပေးပို့ရမည့် အထူးဖုန်းလိုင်းသို့ ဆက်သွယ်ရန် ညွှန်ကြားခဲ့သည်။ ထို့အပြင် ဦးစီးဌာနအရာရှိများသည် ပုံနှိပ်ထုတ်ဝေသူများကိုလည်း ထိုဖုန်းလိုင်းကိုပင် အရေးကိစ္စများအတွက် အစီရင်ခံရာတွင် အသုံးပြုရန် တိုက်တွန်းခဲ့ပြီး အလျှင်အမြန် ဖြေရှင်းဆောင်ရွက်ပေးမည်ဟု ကတိပြုခဲ့သည်။

ဦးစီးဌာနသည် ဖတ်စာအုပ်ပို့ဆောင်မှုများကို စီစဉ်ထားသည့် အတိုင်း ဖြစ်စေရန် ယခင်အတိတ်မှ ဆောင်ရွက်မှု ပုံစံများအတိုင်း လိုက်နာကျင့်သုံးခဲ့ပါသည်။ ပို့ဆောင်မှု အချိန်ဇယားများကို နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် ဒေသန္တရ အဆင့် သတင်းစာများတွင် ထည့်သွင်း ကြေညာခဲ့ပြီး ခရိုင်ရုံးများသို့လည်း ဖတ်စာအုပ် ခွဲတမ်းချထားမှုများနှင့် ပို့ဆောင်မည့် နေ့ရက်များနှင့် ပတ်သက်၍ တရားဝင် စာများ ပို့ပေးခဲ့သည်။

ပို့ဆောင်ပြီးစီးကြောင်း အစီရင်ခံခြင်းနှင့် ငွေပေးခြင်းများအတွက် သင်ကြားရေးပစ္စည်းများဆိုင်ရာ အတွင်းဝန်ရုံးသည် ငွေမပေးချေမီတွင်၊ လက်ခံရရှိကြောင်းပြေစာကို ရရှိရမည်ဖြစ်သည့် စာအုပ်အရေအတွက်ဖြင့် ကိုက်ညီမှု ရှိမရှိ ကျောင်း တာဝန်ခံ ကြီးကြပ်ရေး အရာရှိများ စစ်ဆေး စေပါသည်။ "ကျောင်း ကြီးကြပ်ရေး တာဝန်ခံတွေကို သူတို့ရဲ့ ဌာနခွဲဟာ မျှော်မှန်းထားတဲ့ ဖတ်စာအုပ် အရေအတွက် ဘယ်လောက်ကို လက်ခံရရှိပါတယ် ဆိုပြီး သက်သေခံ အတည်ပြုထားတဲ့ အပြီးသတ် လက်ခံရရှိကြောင်း အစီရင်ခံစာတစ်ခုကို ထုတ်ပေးခိုင်းပါတယ်။ အဲ့ဒါ မရမချင်း ပုံနှိပ်ထုတ်ဝေသူတွေကို ငွေပေးချေမှု မပြုလုပ်ပါဘူး။" ဟု Pilor က ပြောသည်။ မိဘဆရာအသင်းများ သို့မဟုတ် အခြား ဒေသခံ အဖွဲ့အစည်းများမှ ဒေသခံစောင့်ကြည့်သူများကလည်း ယခင်က ကဲ့သို့ပင် စစ်ဆေးမှု နှင့် လက်ခံရရှိမှု အစီအရင်ခံစာကို အတည်ပြု လက်မှတ်ရေးထိုး ပေးနေဆဲ ဖြစ်ပါသည်။ သို့သော်လည်း လက်ခံရရှိကြောင်း ပြေစာများကို စုစည်းခြင်းနှင့် အစီရင်ခံခြင်းတို့မှာ ယခင်က မိခင် အရပ်ဘက်လူမှု အဖွဲ့အစည်းဖြစ်သည့် G-Watch ၏ အောက်တွင်ကဲ့သို့ ဗဟိုမှ စုစည်း ဆောက်ရွက်ခြင်း မဟုတ်တော့ပါ။

အတည်ပြု လက်မှတ်ရေးထိုးထားသည့် လက်ခံရရှိမှု ပြေစာများကို စုစည်းခြင်းနှင့် လေ့လာဆန်းစစ်ခြင်းများ အပြင် ဦးစီးဌာနသည် ကျောင်းများအား ဖတ်စာအုပ်များ မှန်ကန်စွာ ရရှိကြောင်း သေချာစေရန် သွားရောက်စစ်ဆေးမှု များကိုလည်း ပြုလုပ်ခဲ့သည် ဟု Pilor က ပြောပါသည်။

မြို့ဝန်များ၊ ဒေသန္တရ အစိုးရ ဌာနများ၊ ဒေသအဆင့်အောက်မှ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များ နှင့် မိဘဆရာအသင်းများ ၏ ပါဝင်မှု သည် ခရိုင်များသို့ ဖတ်စာအုပ် ပို့ဆောင်မှုများ၌ မျက်နှာစာ အသစ် တစ်ခုကို ပေါင်းစပ်ပေးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ DepEd ၏

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

သင်ကြားရေးပစ္စည်းများဆိုင်ရာ အတွင်းဝန်ရုံးသည် ဒေသခံ ပြည်သူ့အသင်းအဖွဲ့များ၊ ဘာသာရေး အဖွဲ့အစည်း များအား ကိုယ်တိုင် စုစည်း၊ စည်းရုံး၊ လှုံ့ဆော်ကြပြီး ပို့ဆောင်မှုများတွင် ပါဝင်ကူညီရန် တိုက်တွန်းခဲ့ပါသည်။ ဤသို့ ဖြစ်လာခြင်းသည်လည်း ယခင်က G-Watch မှ ဆောင်ရွက်ခဲ့သည့်ပုံစံဖြစ်သည့် ပို့ဆောင်မှုအားလုံးအတွက် ဗဟိုမှ စုစည်းပြီး တင်းကြပ်သည့် ဆက်သွယ် ညှိနှိုင်းမှု ပုံစံမှ ခွဲထွက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုရမည်ပင်။

*၂၀၁၁/၂၀၁၂ ပို့ဆောင်ဖြန့်ဝေမှုများကို အကဲဖြတ်ခြင်း (Assessment of the 2011/2012 deliveries)*

ညွှန်ကြားရေးမှူး Pilor က ခရိုင်ရုံးများသို့ ၂၀၁၁/၂၀၁၂ ပို့ဆောင်ဖြန့်ဝေမှုများမှာ ချောမွေ့စွာဖြင့် တိုးတက်မှု ရှိခဲ့သည် ဟု ဆိုသည်။ ပုံနှိပ်ထုတ်ဝေသူများက ခရိုင်ရုံးများသို့ စာအုပ်များကို ကောင်းမွန်စွာ ပို့ဆောင်ပေးခဲ့ပြီး၊ ခရိုင်ရုံးများသည် မူလတန်းနှင့် အထက်တန်း ကျောင်းများသို့ ထပ်ဆင့် ပေးပို့ရန် တာဝန်ယူရပါသည်။ မိဘဆရာ အသင်းများ၊ ဒေသန္တရ အစိုးရဌာနများ၊ ရပ်ရပ်ပြည်သူလူထု အခြေပြု အဖွဲ့အစည်းများ နှင့် အမျိုးသားလူငယ် ကင်းထောက်များ တို့သည် ယခင်ကကဲ့သို့ပင် ခရိုင်ရှိ ပို့ဆောင်ဖြန့်ဝေမှုများ ကို စောင့်ကြည့် စစ်ဆေးပြီး လက်ခံရရှိကြောင်း ပြေစာများတွင် အတည်ပြု လက်မှတ်ရေးထိုး ပေးခဲ့ကြသည်။ အတွင်းဝန်ရုံးသည် ခရိုင်ရုံးများသို့ ပို့ဆောင်မှုများ၌ လိုအပ်ချက်၊ ချို့ယွင်းချက်များ ရှိနေကြောင်း အသိပေးတင်ပြချက်များကို လက်ခံ ရရှိခြင်း မရှိခဲ့ပါ။

အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဦးစီးဌာနတို့သည် DepEd အနေဖြင့် ၎င်း၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၁၁/၂၀၁၂ ခုနှစ်တွင် သိပ္ပံ၊ သင်္ချာ၊ ဖိလစ်ပိုင်စာ နှင့် သမိုင်းဘာသာ ရပ်များအတွက် ဖတ်စာအုပ် - ကျောင်းသား အချိုး ၁ : ၁ ပြည့်မီ ရရှိမှု ရှိ/မရှိ အပေါ်တွင် သဘောတူညီမှု မရရှိခဲ့ကြပါ။ Pilor က ဦးစီးဌာနအနေဖြင့် ဦးတည်ရည်မှန်းချက်ဖြစ်သည့် ၁ း ၁ ရရှိရေးအတွက် ခရိုင်ရုံးများသို့ လုံလောက်စွာ ပေးပို့ခဲ့သော်လည်း တစ်ခါတစ်ရံတွင် မူလတန်းကျောင်းများ၌ မလုံလောက်မှုများ ဖြစ်ပေါ်ခဲ့သည် ဟု ဆိုသည်။ အဘယ့်ကြောင့် ဆိုသော် ခရိုင်ရုံးများမှ မူလတန်းကျောင်းများသို့ ဖတ်စာအုပ် အားလုံး အပြည့်အဝ ရောက်ရှိအောင် မပို့ဆောင်ပေးနိုင်ခဲ့ သောကြောင့် ဖြစ်သည် ဟု ဆိုသည်။ Coca-Cola ကုမ္ပဏီဖြင့် ဆက်လက် ပူးပေါင်းဆောင်ရွက်ခြင်းမရှိတော့သည့် အပြင် ရပ်ရွာများစွာသည် Texbook Walk သို့မဟုတ် အခြားနည်းလမ်းများဖြင့် စာအုပ်များသယ်ယူပို့ဆောင်ပေးမည့် စေတနာ့ဝန်ထမ်းများရရှိအောင် အမြဲတစေ စုစည်း၊ စည်းရုံးနိုင်ခဲ့ခြင်း မရှိခဲ့ ကြပါ။ "ခရိုင်ရုံးများမှ တဆင့် ကျောင်းသို့ ပို့ဆောင်ပေးနိုင်မှုမှာ တိုးတက်ရန် လိုအပ်ဆဲ" ဖြစ်ကြောင်း Pilor က လက်ခံခဲ့သည်။ သို့သော်လည်း အခြားအကြောင်းရင်းခံများလည်း ရှိနေကြောင်း ပြည်သူ့အသင်းအဖွဲ့များက သုံးသပ်ပါသည်။ ကျောင်းများစွာတွင် ဖတ်စာအုပ် - ကျောင်းသား အချိုး ၁ း ၁ မရရှိခြင်းမှာ တစ်ခါတစ်ရံတွင် အချို့သော ကျောင်းအရာရှိများသည် ပညာသင်နှစ်အတွက် လိုအပ်မည့် စာအုပ် အရေအတွက်ကို မှန်ကန် တိကျအောင် တင်ပြနိုင်မှု မရှိသောကြောင့် ဟု ၎င်းတို့က ပြောသည်။ ထို့အပြင် DepEd အနေဖြင့် စာအုပ်အရေအတွက်မည်မျှ မူလတန်းကျောင်းများသို့ ရောက်ရှိကြောင်း သိနိုင်မည့် အပြည့်အဝ ယုံကြည့် စိတ်ချရသော အခြေခံ အချက်အလက် ကောက်ယူမှု စနစ်တစ်ခု အမှန်တကယ် မရှိသေးပါ ဟု ၎င်း တို့က သုံးသပ်ပြောဆိုပါသည်။

စောင့်ကြည့်ရေးကြိုးပမ်းချက်ဖြင့် ဆက်စပ်သည့် အစိတ်အပိုင်းတစ်ခုအဖြစ် Network for Social Accountability in East Asia and the Pacific (ANSA-EAP) က DepEd ဖြင့် ပူးပေါင်း၍ checkmyschool.org ဝက်ဆိုက် ကို ၂၀၁၁ ခုနှစ်တွင် လွှင့်တင်ခဲ့ပါသည်။ ထို web portal တွင် မူလတန်းနှင့် အထက်တန်းကျောင်းပေါင်း ၈၀၀၀ ခန့်မှ မိဘများ၊ ကျောင်းသားများ နှင့် ဆရာများအနေဖြင့် ဖတ်စာအုပ်များ သို့မဟုတ် ကျောင်း ပရိဘောဂများ မရရှိခြင်း၊ ဆရာများ၏ ပျက်ကွက်မှု၊ သို့မဟုတ် ရန်ပုံငွေ အလွဲသုံးစားပြုလုပ်မှု စသည်တို့ကို တင်ပြနိုင်မည် ဖြစ်သည်။

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

ဝက်ဆိုက်တွင် ကျောင်းအပ်နှံမှု၊ သင်ကြားရေး ဝန်ထမ်းများ၊ နှင့် အရည်အသွေး စစ်ဆေးမှု ရလဒ် သို့မဟုတ် ကျွမ်းကျင်မှု အဆင့်သတ်မှတ်ချက်များ စသည့် သတင်း အချက်အလက်များကို လည်း ကြည့်ရှုနိုင်မည် ဖြစ်သည်။

G-Watch က ဦးစီး ဆောက်ရွက်ပေးခဲ့သည့် Texbook Count စီမံချက် မရှိတော့သည့် နောက်ပိုင်း ၌ checkmyschool.org ဝက်ဆိုက်သည် DepEd ၏ စောင့်ကြည့်ရေးစနစ်တစ်ခု ဖြစ်လာခဲ့သည်ဟု Pilor က မှတ်ချက်ပြုသည်။ "ANSA-EAP က ကျောင်းအချို့ကို စောင့်ကြည့်ပြီး တွေ့ရှိချက်တွေကို ကျွန်မတို့ကို တင်ပြပါတယ်" ဟု သူက ပြောသည်။ သို့သော်လည်း ဤစနစ်သည် ယခင်က ဖတ်စာအုပ် စိစစ်ရေတွက်ရေး လုပ်ငန်းများကို ထိရောက်စွာ အစားထိုးနိုင်လောက်သည့် လုံလောက်သော သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းမရှိပါ။

လေ့လာသုံးသပ်သူများက DepEd ၏ ခေါင်းဆောင်ပိုင်း အနေဖြင့် Textbook Count မဟုတ်သည့် အခြားသော အရေးကြီး ဦးစားပေး ကိစ္စရပ်များကို လည်း အာရုံစိုက်ဆောင်ရွက်နေခဲ့ရသည်ဟု မှတ်ချက်ပြုကြသည်။ စီမံချက်မှာ ၂၀၀၂ မှ ၂၀၀၅ အထိ တာဝန်ယူခဲ့သော ယခင် အတွင်းဝန် Luz လက်ထက်တွင်ကဲ့သို့ ထိပ်ပိုင်း စီမံခန့်ခွဲသူများ၏ ထောက်ပံ့အားပေးမှု ကို ဆက်လက် မရရှိခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် အသစ်ဝင်ရောက် လာခဲ့သည့် အဖွဲ့က ကျောင်းအခြေခံ အဆောက်အဦး ကိစ္စအပေါ် ပိုမိုအလေးထား ဆောက်ရွက်ခဲ့သော ကြောင့် ဖြစ်သည်။ ၂၀၀၉ မှ ၂၀၁၁ အကြားတွင် တိုက်ခတ်ခဲ့သော မုန်တိုင်းများကြောင့် ကျောင်းပေါင်းများစွာ ပျက်စီးခဲ့ရသဖြင့် နိုင်ငံတွင် စာသင်ခန်းပေါင်း ၆၀၀၀၀ ခန့် ပြန်လည် တည်ဆောက်ပေးနိုင်ရန် လိုအပ်နေခဲ့ပါသည်။ DepEd သည် ၂၀၁၃ ခုနှစ်တွင် အဆိုပါ လိုအပ်ချက် အရေအတွက်ကို ပြည့်မီအောင် တည်ဆောက်နိုင်ရန် ဦးတည်ထားပြီး၊ ဤရည်မှန်းအပေါ်တွင် အဓိက အလေးထား ကြိုးပမ်းလျက်ရှိပါသည်။

၂၀၁၃ ခုနှစ် အစောပိုင်းတွင် DepEd သည် ဖတ်စာအုပ် ပို့ဆောင်မှုများအား စောင့်ကြည့်ခြင်းကို ၎င်း၏ ပုံမှန် လုပ်ငန်းရပ်များ၌ ခိုင်မာစွာ ထည့်သွင်းနိုင်ရေးအတွက် နည်းလမ်းများ ဆက်လက် ရှာဖွေနေဆဲ ဖြစ်ပါသည်။ သင်ကြားရေး ပစ္စည်းများဆိုင်ရာ အတွင်းဝန်ရုံးသည် လုပ်ငန်းစဉ်ကို ပိုမိုလွယ်ကူရှင်းလင်းလာစေရန် ကျောင်းအာဏာပိုင်များနှင့် အတူ ဆောင်ရွက်ခဲ့ပြီး၊ ပြည်သူ့အသင်းအဖွဲ့များနှင့် ဒေသခံ ရပ်ရွာပြည်သူလူထုအား စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ပေးရန် တိုက်တွန်းခဲ့ပါသည်။ သို့သော်လည်း အထက်တွင် တင်ပြခဲ့သည့် အကြောင်းအရင်းများ အတိုင်းပင် စောင့်ကြည့်ရေး လှုပ်ရှားဆောင်ရွက်မှုများနှင့် အစီရင်ခံ တင်ပြခြင်းတို့မှာ ယခင် အတိတ်ကာလများ ကလောက် စနစ်တကျ မဖြစ်တော့သည်ကို တွေ့ရပါသည်။ အရပ်ဘက်လူမှု အဖွဲ့အစည်းများအနေဖြင့် ဖတ်စာအုပ်များကို ကျောင်းများသို့ ကောင်းမွန်စွာ ရောက်ရှိစေရေးအတွက် ဆက်လက် ပါဝင်ဆောင်ရွက်ရန် ကတိကဝတ်ပြုထားကြဆဲ ဖြစ်သည့်တိုင်၊ ၎င်းတို့၏ အကန့်အသတ်ဖြင့်သာ ရှိသော အရင်းအမြစ်များဖြင့် ဤတာဝန်ကို ဆောင်ရွက်ရမည့် အနေအထားကို ထည့်သွင်း စဉ်းစားရမည်ပင်ဖြစ်သည်။ ထို့ကြောင့် ရှေ့အနာဂတ်ရှိ ပို့ဆောင်မှုများ အောင်မြင်မှု ရှိရန်မှာ DepEd နှင့် ဖတ်စာအုပ်များကို လက်ခံရရှိမည့် ရပ်ရွာပြည်သူများ၏ ဆောင်ရွက်ချက်များ အပေါ်တွင်သာ မူတည်နေပါတော့သည်။

© 2014, Trustees of Princeton University
ကိုးကားမှုပုံစံများနှင့် အသုံးပြုရာတွင် လိုက်နာရမည့်အချက်များအတွက် ဤစာတမ်းအဆုံးတွင် နှင့် www.princeton.edu/successfulsocieties တွင် ဖော်ပြထားသည်။

INNOVATIONS FOR SUCCESSFUL SOCIETIES

အောင်မြင်သော လူ့အဖွဲ့အစည်းများအတွက် တီထွင်ဆန်းသစ်မှုများ (Innovations For Successful Societies-ISS) အစီအစဉ်က ဖြစ်ရပ်နမူနာ လေ့လာထားမှုများနှင့် အခြားထုတ်ဝေမှုများကို သတ်မှတ်လမ်းညွှန်ချက်များနှင့်ညီသော အောက်ဖော်ပြပါအသုံးပြုမှုအတွက် ကုန်ကျစရိတ်မရှိစေဘဲ ရရှိနိုင်ပါသည်။ ISS အချက်အလက်သိုမှီးရာ website ကိုစိတ်ကူးအကြံဉာဏ်များ၏ ဘဏ်တစ်ခုအဖြစ် အသုံးပြုရန် ရည်ရွယ်ပြီး၊ မတူညီသော ပြုပြင်ပြောင်းလဲရေး နည်းဗျူဟာများ၏ အားနည်းချက်၊ အားသာချက်များကိုလက်တွေ့ကျင့်သုံးနေသူများနှင့် ပညာသင်ဆုရကျောင်းသားများက သုံးသပ်နိုင်ရန်နှင့် ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာများ၏ အကျိုးသက်ရောက်မှုများကို ချိန်ဆနိုင်ရန် ဖြစ်ပါသည်။ ဖြည့်စွက်လိုသောခေါင်းစဉ်များနှင့် စဉ်းစားရန်မေးခွန်းများ၊ ပြင်ဆင်ချက်များ၊ ဖြစ်ရပ်နမူနာ လေ့လာချက်များကို မည်သို့အသုံးပြုလျက်ရှိသည် စသည့် စာဖတ်သူ၏ တုန့်ပြန်မှုများကို ISS က ကြိုဆိုပါသည်။ iss@princeton.edu.

## အသုံးပြုရန်သတ်မှတ်ချက်များ

ISS၏ websiteမှ မည်သည့်စာရွက်စာတမ်းကိုမဆို လက်ခံရယူခြင်းမပြုမီ၊ အသုံးပြုမည့်သူများသည် ထိုစာရွက်စာတမ်းများရရှိနိုင်စေရန် သတ်မှတ်ချက်များကိုဖတ်ရှု၍ သဘောတူလက်ခံရမည်ဖြစ်သည်။ သတ်မှတ်ချက်များတွင် www.princeton.edu/successfulsocieties နှင့် Princeton တက္ကသိုလ်မှ ရရှိနိုင်သည့် သတင်းအချက်များကိုအသုံးပြုလိုသည့် မည်သူမဆိုနှင့် Princeton တက္ကသိုလ်အကြားတွင် ဥပဒေဆိုင်ရာ သဘောတူညီချက်တစ်ခုပါဝင်ပါသည်။

ဤသတင်းအချက်အလက်များကိုလွှဲပြောင်းလက်ခံရယူခြင်း သို့မဟုတ် အသုံးချခြင်းပြုလုပ်ရာတွင် အသုံးပြုသူများအနေဖြင့်-

(က) website မှ လွှဲပြောင်းလက်ခံရယူထားသည့် စာရွက်စာတမ်းကို အမေရိကန်နိုင်ငံမူပိုင် ခွင့်ဥပဒေ (Title 17, United State Code) ဖြင့် ကာကွယ်ထားကြောင်းသိရှိကြပါသည်။

(ခ) ၎င်းစာရွက်စာတမ်းများကိုပညာရေးနှင့် သက်ဆိုင်သော၊ ပညာရှင်ဆန်သော၊ စီးပွားရေး မဟုတ်သော ရည်ရွယ်ချက်များအတွက်သာအသုံးပြုကြပါမည်။

(ဂ) ဤသတင်းအချက်အလက်များ၏ မည်သည့်အပိုင်းကိုမဆို အခြားတတိယ အဖွဲ့အစည်း ထံသို့ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ခွဲဝေခြင်း၊ ခွင့်ပြုချက်ဖြင့် ထုတ်ပေးခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် အသိပေးခြင်းတို့ ပြုလုပ်မည်မဟုတ်ပါ။ (တတိယအဖွဲ့အစည်း၏ website တွင် ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ပြသခြင်းပြုလိုလျှင် Princeton တက္ကသိုလ်၏ ISS အစီအစဉ် သို့မဟုတ် စာကြည့်တိုက်ထံမှ တိကျပြတ်သားသော၊ စာဖြင့်ရေးသားထား သော၊ ခွင့်ပြုချက် လိုအပ်မည်ဖြစ်သည်)

(ဃ) ဤစုဆောင်းထားသည့် သတင်းအချက်အလက်များ ပေါင်းစပ်ပါဝင်သည့် သို့မဟုတ် မှီငြမ်းထားသည့် ထုတ်ဝေမှုများ၊ တင်ပြချက်များ သို့မဟုတ် အခြားဆက်သွယ် လုပ်ဆောင်မှု

များအားလုံးတွင် ထိုသတင်းအချက်အလက်များမှာ ISS website မှ ရရှိကြောင်းကို အသိအမှတ်ပြုဖော်ပြပါမည်။ အကြံပြုလိုသည့် ကိုးကားဖော်ပြချက် ပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

[စာရေးသူ (ဖော်ပြထားလျှင်)], [ခေါင်းစဉ်],Innovations For Successful Societies, Princeton University, http://princeto.edu/successfulsocieties မှ ရရှိသည်။ [website မှ ရရှိသည့်နေ့]

( င ) ကိစ္စရပ်အလိုက် လေ့လာချက်တွင် အသုံးပြုထားသည့် ကိုးကားချက်များသည် တွေ့ဆုံမေးမြန်းခံရသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအမြင်ရှုထောင့်ဖြစ်ကြောင်းသိရှိကြပါသည်။ စုဆောင်း ထားသည့် သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှုအတွက် ကြိုးပမ်း ထားသော်လည်း Princeton University သည် online မှ ရရှိသည့် မည်သည့်သတင်းအချက်များအတွက်မဆို တိကျမှန်ကန်မှု၊ ပြည့်စုံမှု၊ အချိန်မီမှု သို့မဟုတ် အခြားဂိသေသ လက္ခဏာများအတွက် အာမခံမည်မဟုတ်ပါ။

( စ ) အချက်အလက်စုဆောင်းသိုမှီးသည့် ပုံစံနှင့်/ သို့မဟုတ် အကြောင်းအရာနှင့် website ကို ပြင်ဆင်မည်၊ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင်ပြုလုပ်မည် သို့မဟုတ် အချိန်ကာလအလိုက် မွမ်းမံမည်ကိုသိရှိကြပါသည်။

(ဆ) အချက်အလက်များသိုမှီးထားရှိမှုကိုရယူရန်နှင့် အသုံးပြုရန်မှာမိမိတို့၏ ကိုယ်ပိုင်စွန့်စားမှုဖြစ်ကြောင်းလက်ခံပါသည်။ သိုမှီးထားမှုမှ အချက်အလက်များကိုအသုံးပြုခြင်းမှ ပေါ်ပေါက်လာသည့် မည်သည့်ဆုံးရှုံးမှုများ သို့မဟုတ် ပျက်စီးမှုများအတွက်မဆိုPrinceton University တွင် တာဝန်ရှိစေမည်မဟုတ်ပါ။ သိုမှီးထာမှုစနစ်၏ လုပ်ဆောင်ချက်နှင့်ပတ်သက်သောမည်သည့်များယွင်းမှု သို့မဟုတ် ပျောက်ဆုံးမှုအတွက်မဆို Princeton University က တာဝန်မရှိပါ။

PRINCETON UNIVERSITY

The Mamdouha S. Bobst Center for Peace and Justice

PRINCETON UNIVERSITY WOODROW WILSON SCHOOL of Public & International Affairs

ISS သည် Princeton University ၏ Woodrow Wilson ပြည်သူ့ရေးရာနှင့် နိုင်ငံတကာရေးရာကျောင်းနှင့် Bobst Center for Peace & Justice တို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ် တစ်ခုဖြစ်ပါသည်။ Woodrow Wilson ကျောင်းသည် ပြည်သူ့ဂန်ထမ်းအလုပ်များအတွက် ကျောင်းသားများကို ပြင်ဆင်ပေးပြီး မူဂါဒပိုင်းနှင့် အုပ်ချုပ်မှုပိုင်းတွင် ပညာရပ်ပိုင်း သုတေသနလုပ်ငန်းများကိုပံ့ပိုးပေးပါသည်။ ငြိမ်းချမ်းရေးနှင့် မျှတမှုအတွက် Bobst Center ၏ ရည်မှန်းချက်မှာ နိုင်ငံများအတွင်းနှင့် နယ်ခြားတစ်လျှောက် လုံးတွင် တိုင်းရင်းသားဓလေ့ထုံးစံနှင့် ဘာသာရေးယုံကြည်မှု များအတွက် နစ်ဖက်နားလည်မှုနှင့် လေးစားမှုမှ တဆင့် ငြိမ်းချမ်းရေးနှင့် တရားမျှတမှုဆိုင်ရာ အကြောင်းတရားများ တိုးပွားလာစေရန်ဖြစ်ပါသည်။

ရည္ညႊန္းကိုးကားခ်က္မ်ား

[1] T. Yvonne Chua, 1999, "Robbed: An Investigation of Corruption in Philippine Education," Philippine Center for Investigative Journalism, p. 8.
[2] Ibid., p. 63.
[3] Ibid., p. 16.
[4] "Implementation, Completion and Results Report: Philippines Second Social Expenditure Management Project," 2008, World Bank, p. 63.
[5] Geert van der Linden, 2007, "Philippines—Textbook Count 4: Project Completion Assessment," Partnership for Transparency Fund, p. 7.
[6] Ibid.
[7] Geert van der Linden, 2007, "Philippines—Textbook Count 3: Project Completion Assessment," Partnership for Transparency Fund, p. 8.
[8] Chua, T. Yvonne, "Mike Luz Quits DepEd," Daily Philippine Center for Investigative Journalism blog, 22 April 2006, http://www.pcij.org/blog/?p=858, accessed 22 February 2011.
[9] Linden, p. 7.
[10] Simon Peter Gregario, 2006, "Sustaining and Going Beyond Textbook Count: A Strategy for Institutionalizing State-Civil Society Partnership in Procurement," Government Watch Ateneo School of Government, p. 4.
[11] "Philippines Second Social Expenditure Management Project, Textbook Component, Good News on Procurement of Textbooks," The World Bank, http://www.worldbank.org.ph, accessed 11 April 2011.
[12] Sladjana Cosic and Karen Sirker, 2007, "Empowering the Marginalized: Case Studies of Social Accountability Initiatives in Asia," Public Affairs Foundation and World Bank Institute, p. 53.
[13] 13 "Project Completion Report on the Civil Society Participation in Textbook Count 4," 2007, Government Watch Ateneo School of Government, p. 8.
[14] T. Yvonne Chua and Rimban Luz, "DepEd Adopts 'Textbook Walk,'" GMA News, 2 June 2008, http://www.gmanews.tv/story/98684/DepEd-adopts-Textbook-Walk, accessed 11 April 2011.
[15] T. Yvonne Chua, "DepEd questioned on P1.32B textbook contracts," Vera Files, 12 May 2011, http://rp2.abs-cbnnews.com/-depth/12/05/11/deped-questioned-p132b-textbook-contracts, accessed 14 February 2013.